WHISPER OF WORDS
ခင်နှင်းယု
ပန်း ပန်လျက်ပါ
ဆဋ္ဌမအကြိမ်

ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံး နှင့် ရေခံပန်းချီ- မမွေး

ထုတ်ဝေခြင်း - ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ဆင့်မအကြိမ်

အုပ်ရေ - ၁၀၀၀ အုပ်

တန်ဘိုး - ၂၅၀၀ ကျပ်

ထုတ်ဝေသူ - ဒေါ်ပြုံးပြုံးခင် ပြုံးစာပေ (၀၁၁၀၈) အမှတ် (၆၆)၊ သရက်တောာ (၄)လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

မျက်နှာဖုံး နှင့် အတွင်းပုံနှိပ် - ဦးနေလင်းအောင်၊ စံရတီပုံနှိပ်တိုက် (၀၀၂၅၈) စံပြ ဖဆပလ ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

မြူးစာပေ
ခင်နှင်းယု
ပန်း ပန်လျှက်ပါ
ဆဋ္ဌမအကြိမ်
WHISPER OF WORDS

ခင်နှင်းယု

ပန်း ပန်လျက်ပါ

“ပန်း ပန်လျက်ပါ ထုတ်ဝေခဲ့သည့် အကြိမ်များ”

ပထမအကြိမ် - ၁၉၆၂ ခုနှစ်၊ ဂျိုးဖြူစာပေ

ဒုတိယအကြိမ် - ၁၉၆၃ ခုနှစ်၊ ဂျိုးဖြူစာပေ

တတိယအကြိမ် - ပညာ့ဂုဏ်ရည်စာပေ

စတုတ္ထအကြိမ် - ၁၉၉၂ ခုနှစ်၊ ယောမင်းကြီးစာပေ

ပဥ္စမအကြိမ် -၂၀၁၃ ခုနှစ်၊ ပြုံးစာပေ

ဆဋ္ဌမအကြိမ် - ၂၀၁၉ ခုနှစ်၊ ပြုံးစာပေ

ပြုံးစာပေ ပြန်လည်ဆန်းသစ်ခြင်း စာအုပ်အမှတ် (၉၃)

စီစဉ်သူ - မပြုံး

ညို့ပြာပြာ၊ လတာပြင်ခြေရင်း။

လှိုင်းတက်ရာ ဗေဒါတက်၊

လှိုင်းသက်ရာဆင်း။

ဆင်းရလဲ မသက်သာ။

အုန်းလက်ကြွေ ရေပေါ်လော၊ မျောစုံလို့လာ။

အဆင်းနှင့်အလှ ဗေဒါမ အထွေး။

အုန်းလက်ကြွေ သူ့နံဘေး၊ ဆောင့်ခဲ့ရသေး။

ဆောင့်ခဲ့လဲ မသက်သာ။

နောက်တစ်ချီ ဒီတစ်လုံးက၊ ဖုံးလိုက်ပြန်ပါ၊

မြှုပ်လေပေ့ါပေါ်မလာ၊ မဗေဒါအလှ

တစ်လံကွာ လှိုင်းအကြွ၊ ပေါ်လိုက်ပြန်ရ။

ပေါ်ပြန်လဲ မသက်သာ၊

ချောင်းအဆွယ်၊ မြောင်းငယ်ထဲက ဘဲထွက်လို့လာ၊

ဘဲအုပ်မှာ တစ်ရာ နှစ်ရာ၊

မဗေဒါက တစ်ပင်တည်း။

အယက်အကန်ခံလို့ ဗေဒါပုံ့အံ့ကိုခဲ၊

ပန်းပန်လျက်ပဲ။

ဇော်ဂျီ

ပန်းပန်လျှက်ပါ

"အငြိမ့်မင်းသမီးများ ရည်စားထားတဲ့

လူဆိုတာမျိုးဟာ xxx

သဘောနက်နက် ကြည့်ဦးမှပေါ့ သခင်ရယ်။ မီးရောင်အောက်ကိုဝင်ရင် လူပျက်တွေနဲ့တွဲတော့၊

သူ့သဘောက မကြည်မလင်

ဪ... မြရင် မြရင် မြရင် xxx

ချစ်ကြပေသရှင်၊ ပြည်တခွင်၊

သူ့အချစ်မျိုးဟာ၊ ဘယ်အမျိုးအစားလဲ xxx

တကယ်အားမရနိုင်ရှာအောင်ပင်၊

ပေါ်ပေါ်ထင်ထင် ချစ်ချင်ကြရင်၊

အလှူရှင်မှန်းအားလုံးကလည်း သိကြပါတယ်ရှင်၊

အပိုင်တော်ကြံလိုက်ရင်၊ တိုင်ပေါ်အလံစိုက်ချင်xxx"

မဖေဒါသည် လေဘာတီ မမြရင်ကြီး၏ "တိုင်ပေါ်အလံ စိုက်ချင်" သီချင်းကို လေဘာတီ မမြရင်ကြီး၏ဟန်ဖြင့်၊ ဟစ်၍သွား တော့သည်။

မဖေဒါနှင့် မမြရင်ကြီးတို့သည် ခေတ်အားဖြင့် အနှစ်သုံး ဆယ်ခန့် ကွာခြားကြသည်။ ခေတ်ပင်ကွာသော်လည်း လေဘာတီ မမြရင်ခေတ်က တက္ကသိုလ်ကျောင်းသား ပရိသတ်တွင် ရေပန်းစား သကဲ့သို့ပင်၊ မဖေဒါခေတ်တွင်လည်း တက္ကသိုလ်ကျောင်းသားတို့ အလယ်တွင် မျက်နှာပွင့်လွန်းလှသည်။ မမြရင်နှင့်မဖေဒါ ခေတ် ကွာသကဲ့သို့ပင် တက္ကသိုလ်ကျောင်းသားများ၏ 'ယခင်'နှင့် 'ယခု' ခေတ်လည်း ကွာခြားခဲ့လေသည်။

ယခုခေတ်ကား ပို၍ ပွင့်လင်းသည်။ ကဲစရာရှိလျှင် ပို၍ကဲ သည်၊သဲသည်ကို မည်သူမျှ မငြင်းနိုင်ပေ။ မဖေဒါအငြိမ့်ရှိသည်ဆို လျှင် တက္ကသိုလ်ကျောင်းသားပရိသတ်ကို ပွဲဦးတွင် တွေ့မြင်နိုင်ပေသည်။ အောက်တိုဘာ

ကျောင်းပြန်ဖွင့်၍ ဆောင်းလယ်သို့ နီးလာလေလေ၊ တက္ကသိုလ်ကျောင်းဆောင်များတွင် ပွဲခင်းများ၊ များလာ လေပင် ဖြစ်၏။ ယခုပွဲမှာလည်း စစ်ကိုင်းကျောင်းဆောင်၏ နှစ်ပတ် လည် ညစာစားပွဲတွင် ကပြရသော မဗေဒါ၏ အငြိမ့်ပွဲဖြစ်လေသည်။

နှင်းမှုန်များစိုရွဲနေသော ဆောင်းလေသည် ကျောင်းသား တို့အပေါ်တွင် ပျံ့ဝဲနေလေသည်။ သို့သော် အအေးဓာတ်ကိုပင် လုံးဝ သတိမရကြပေ။ မဗေဒါ၏ အလှနှင့်အကသည် ကျောင်းသား များ၏နှလုံးသားကို ပူနွေး၍ နေစေပေသည်။

မဗေဒါသည် မင်းသမီးအဝတ်နှင့်ပို၍ ကျော့ရှင်း၏။ နွယ်တန်းတွင်ပွင့်သော ပန်းကဲ့သို့ ကလိုက်သည့်အခါ၌ လေထဲတွင်တရွေ့ရွေ့ ဝဲပျံ့လူပ်ရှားသွားပုံကို တက္ကသိုလ်ကျောင်းတော်သားတို့၏ စိတ် ကို လှုပ်ရှားစေပေသည်။ မဗေဒါ မျက်နှာသွင်ပြင်သည် ပုံပုံဖြူဖြူ ထွေးထွေးမို့ မုန့်လေးလုံးလေးလို ပါးစပ်နှင့်ငုံကာ လွေးထားချင် သည်ဟု ကျောင်းသားတစ်ယောက်က ဆိုလေသည်။ မဗေဒါသည် သီချင်းသစ်များကို ဆိုသည်လည်း မဟုတ်၊ လေဘာတီ မမြရင်ကြီး၏ သီချင်းဟောင်းကို ပြန်ဟစ်လိုက်ခြင်းကိုပင် ကျောင်းသားတို့က အသည်းစွဲကြပေသည်။

“ဟဲ ဟဲ ကောင်မလေးတော့ မရိုးဘူးထင်တယ်၊ မဗေဒါ မှန်မှန်ပြော၊ တက္ကသိုလ်ကျောင်းသားထဲမှာ မင်း အဆက်တော့ ပါပြီထင်တယ်”

လူပြက်တစ်ယောက် သီချင်းအချတွင် ထပြောလိုက်၏။ “ပါတယ်ဗျို့ . . ပါတယ်”

ခပ်ရှုပ်ရှုပ် ကျောင်းသားတစ်စုက ပွဲခင်း၏ တောင်ဘက်မှ အော်လိုက်၏။

“ဩော်. . မင်းကလဲ၊ ဒီလိုကြီး ပြောင်မမေးရဘူးလေကွာ၊ မဗေဒါလေး ရှက်သွားမှာပေါ့”

နောက်တစ်ယောက် ဇာတ်စင်ရှေ့သို့ တိုးလာကာ မဗေဒါ ဘက်က ဖြေ၍ပြောလိုက်၏။ မဗေဒါအနားသို့ တဖန်တိုးသွားကာ-“မဗေဒါ. . ဦးလေးကို တိုးတိုးလေး ဖွင့်ပြောစမ်း၊ မင်း အဆက်များ တက္ကသိုလ်ကျောင်းသားထဲမှာ ရှိသလားကွယ့်၊ ရှိရင် ဦးလေးကို ဖွင့်ပြောထားနော်၊ မမှားတန်တာ မမှားရအောင်လို့ ဦးလေးက မေးတာ”

နောက်လူပြက်ကြီးမှာ မဗေဒါအပါးသို့ ကပ်ကာမေးလိုက်၏။ မဗေဒါသည် အလယ်မီးလုံးကြီး အောက်တည့်တည့်တွင် မခို့ တရို့လေး ရပ်လိုက်သည်။

“ဩော်. . ဦးလေးတို့ကလဲ. . စိုးရိမ်ရန်ကောဲ၊ မဗေဒါမှာ

ရည်းစားသနာရယ်လို့ မရှိသေးပါဘူး၊ ဒါပေမယ့် အငြိမ့်မင်းသမီး များကို ချစ်သူအဖြစ် ထားချင်ကြတဲ့သူတွေအတွက် ကျွန်မတို့ အငြိမ့် မိခင်ကြီးမမြရင်သီချင်းဟာ အင်မတန် မှတ်သားစရာကောင်းလို့ ဆိုပြတာပါ”

“အဲ. . ဟုတ်သပ၊ ငါ့တူမကြီး ပြောတာဟုတ်တယ်၊ တို့များ သဘင်သည်ဆိုတာ မီးရောင်အောက်မှာ ကရ၊ ဆိုရ၊ လူပြက်တွေနဲ့ ပြောဟယ်ဆိုဟယ်ဆိုတော့ ချစ်တဲ့သူများက သဘောထားမကြီးနိုင် ကြဘူးပေါ့နော်”

လူပြက်ကြီးစကားဆုံးလျှင်-

“ကြီးတယ်. . ကြီးတယ်”ဟူသော ပွဲလယ်မှ ကျောင်းသား တစ်စု အသံထွက်လာသောကြောင့် ပရိသတ်က ရယ်ကြပြန်သည်။ အမှန်မှာမူ မဇေဒါအငြိမ့်ပွဲတွင် လူပြက်များလည်း ဣန္ဒြေရကြသည်။ ညစ်တီးညစ်ပတ်ပြက်လုံးများလည်း မပြက်ကြပေ။

ထိုညက မဇေဒါသည် ဇေဒါရောင်ထမီတွင် ရွှေရွက်များ ခတ်ထားသော ဗလာထမီကို ဝတ်ကာ ခရမ်းရောင်ဇာပဝါပါးကို ခြုံ၍ ထားပေသည်။

“တရံရောအခါ’ဟူသောသီချင်းနှင့်ပွဲကိုအဆုံးသတ်၍ သွား လေသည်။

“တရံရောအခါက ရသေ့ကြီးသမီးမဘေဒါသည် သမင် လေးများနှင့်အတူ ရောဝတီ၏မြစ်ကမ်းခြေတွင် ရေခပ်ရင်းမှ မဟာ သမ္ဘဝနှင့် မေတ္တာမျှခဲ့ကြ၏။

ယခု မဇေဒါကိုလည်း မေတ္တာကမ်းလာသူရှိသော်လည်း တောမှာကြီးသည့် ရသေ့ကြီးသမီးမဘေဒါနှင့် မဟာသမ္ဘဝတို့ တွေ့ ဆုံကြခြင်းမှ ‘ပုံပမာ”ကဲ့သို့ ဖြစ်တောင့်ဖြစ်ခဲလှပါသည်။

အငြိမ့်သမတစ်ယောက်အနေနှင့် တက္ကသိုလ်ကျောင်းတော်သားကြီး၏အချစ်ကို လက်ခံဖို့ရန်မှာလည်း စွန့်စားခန်းတစ်ခု ကဲ့သို့ ကြောက်ရွံ့လှပါသည်”

ဟူသောအဓိပ္ပါယ်ရှိသည့် သီချင်းဖြစ်လေသည်။ ထိုသီချင်း မှာ မဇေဒါအပေါ် ကျောင်းသားတို့က ကရုဏာပို၍သက်စရာ ဖြစ်လာတော့သည်။ သီချင်း၏အဓိပ္ပါယ်သာမက တီးလုံးမှာလည်း စခန်းသိမ်းတီးကွက်မျိုးဖြစ်ပြန်ရာ လူပျိုတို့၏စိတ်တွင် ထိုညအဖို့ အထိဆုံး တီးကွက်သီချင်းဖြစ်လေသည်။ တီးကွက်အဆုံး ငါးပေါက် သံကြေးနောင်ရိုက်သံမှာ လေတွင်ဝဲ၍ ကျန်ရစ်လေသည်။

ဝေ့နေသော ဆောင်းလေရူးကြောင့် တဖျတ်ဖျတ်လွင့်နေ သော ပဝါနှင့်အတူ ခြေဖျားခတ်ပြီး လွင့်တက်သွားသော ဗလာထမီ နားကိုသိမ်းပြီး၊ ပရိသတ်ဘက်သို့

ပြုံးပြုံးလေးပြန်ကြည့်ရင်း အငြိမ့် ခုံနောက်ဘက်သို့ မဇေဒါ ဝင်သွားပုံမှာ အစ်ကိုကာလသားတို့စိတ်ကို အားမလိုအားမရဖြစ်ပြီး ကျန်ရစ်စေခဲ့ပေသည်။

ပွဲပြီး၍ အဆောင်ပြန်ချိန်တောင်မှ ကျောင်းသားတို့သည် ဆောင်း၏အအေးကို သတိမရနိုင်ကြပေ။ အငြိမ့်မင်းသမီးများ ရည်းစားထားတဲ့ အစချီသော မမြရင်၏ သီချင်းပေါင်းကိုဟစ်၍ ဆိုနေကြပေသည်။

ကျောင်းဆောင်များသည် တဖြည်းဖြည်း တိတ်စပြု၍ လာလေသည်။ နှင်းမှုန်များလည်း သန်းခေါင်ကျော်လာသဖြင့် ပို၍ သိပ်သည်းလာ၏။ ဆောင်းလေအောက်တွင် နှင်းရည်ရွှဲသော မြွက် များလည်း လရောင်ဖြင့် တောက်ပနေကြလေသည်။

ကျောင်းသားများသည် စောစောပိုင်းက ဆူခဲ့ပူခဲ့သည်ကို လုံးဝမေ့ပျောက်ပစ်သည့်အလား၊ အားလုံးငြိမ်သက်သွား၏။

မငြိမ်သက်သူမှာကိုစောထွန်းဖြစ်သည်။ သူသည် ဝရန်တာ တွင် ချထားသော ပက်လက်ကုလားထိုင်မှ ယခုထိ ထ၍မရသေး ပေ။ အနောက်သို့စောင်းစပြုလာသော လရောင်သည် စစ်ကိုင်း ကျောင်းဆောင်၏ သူ့နေရာ ဝရန်တာသို့ တည့်တည့်လာ၍ လင်း နေသလို ဖြစ်တော့သည်။

“အငြိမ့်မင်းသမီးများ ရည်းစားထားတဲ့”

ထိုသီချင်းသည် အမှတ်မထင် သူ့ပါးစပ်ထဲတွင်ပါလာခဲ့၏။ အသံမထွက်ဘဲ စိတ်ထဲမှ သီချင်းကို ညည်းနေမိ၏။ မဇေဒါသည် သူ့စိတ်ကိုများ သိနေလေသလား။ မဇေဒါကို သူချစ်၏။ သူ့အချစ် ကိုများသိ၍ မဇေဒါက ထိုသီချင်းကို စောင်းဆိုလေသလား။

လဂန်းဘေးတွင် ငွေကြယ်များ မရှိကြ။ မဇေဒါ၏ ခရမ်းရောင် ငွေဇာပြင်ပဝါသည်သာ တလက်လက်မြူးပျံနေသည်ဟု ထင်ပေသည်။ လဝန်းနှင့်တူသော မဇေဒါ၏မျက်နှာက သူ့ကို ပြုံး၍ ကြည့်နေ၏။

“ဩော်. . သူ့အလှနှယ် အငြိမ့်သမဘဝနဲ့ မတန်လိုက် လေ”

ကိုစောထွန်းစိတ်ထဲတွင် ညည်းမိ၏။ ချစ်သည့်စိတ်ထက်၊ မဇေဒါ၏ ပွဲသိမ်းသီချင်းလေးမှာ သူ့အဖို့ သနားစိတ်ကို ပို၍ပွား စေသည်ဟု ထင်ပေသည်။

“ကိုစောထွန်း မအိပ်ဘူးလား”

သူ့အခန်းဖော် ကိုကျော်စိန်က လာမေး၏။ ကိုကျော်စိန်သည် ခွေးခြေတစ်ခုကို သူ့အပါးရွှေ့ကာ ထိုင်ရင်းမေးလိုက်၏။

ကိုကျော်စိန်မှာ အသားညို၍ အရပ်မြင့်သည်။ ရင်အုပ် သည် ကိုစောထွန်းထက် ကျယ်ပြန့်၍ အချိုးအစားကျသော ကိုယ်လုံးရှိသော်လည်း မျက်နှာပေါက်မှာ ကိုစောထွန်းလောက် မပြေပြစ်ပေ။ ကိုစောထွန်းက ဖြူ၍ သွယ်သွယ်မြင့်မြင့် ကိုယ်ဟန်ရှိသည်။ နှာတံကလည်း ကိုကျော်စိန်ထက် ဖြောင့်၍ ပေါ်သောကြောင့် ကို စောထွန်းမှာ ဘေးတိုက်ကြည့်၍ လှသော ရုပ်မျိုးဖြစ်လေသည်။

ကိုစောထွန်းသည် ကိုကျော်စိန်အား မော့ကြည့်ရင်း ပင့် သက်ရှူပြီးမှ သူငယ်ချင်းမေးခွန်းကို ဖြေ၏။

"ကျွန်တော် အိပ်လို့မရဘူး"

"ဟုတ်တယ် ကျွန်တော်လဲ အိပ်လို့မရဘူး"

"မဗေဒါမျက်နှာဟာ သိပ်ကျက်သရေရှိတာပဲနော်"

ကိုစောထွန်းက ရင်ထဲမှာ မျိုသိပ်မထားနိုင်သလို ပြောလိုက်၏။

"ချစ်သူမျက်နှာဆိုရင် ကျက်သရေအပေါင်း စုံလင်ဆိုတဲ့ သီချင်း ခင်ဗျားမကြားဖူးဘူးလား"

ကိုကျော်စိန်က ရယ်ကာ ပြောလိုက်၏။

"ဟုတ်တယ်ဗျာ၊ကျွန်တော် မဗေဒါကို ချစ်နေပြီ ထင်ပါရဲ့"

ကိုစောထွန်းက သူ့စိတ်ကို ပွင့်ပွင့်လင်းလင်း ပြောလိုက်၏။ ကိုကျော်စိန်ကမူ ချက်ချင်း ဘာမှအဖြေမပေးသေးပေ။ နောက်မှ ခေါင်းညိတ်ပြီး ကိုစောထွန်းကို ပြုံးစိစိကြည့်လိုက်၏။

"ခင်ဗျားဟာက အပျော်ချစ်ချင်တာလား၊ တကယ်ချစ် ချင်တာလားဆိုတာ စဉ်းစားစမ်းပါဦး"

ကိုစောထွန်းသည် ရုတ်တရက် ရင်ထဲနင့်သွားသလို ဖြစ် သွား၏။

"ပြောရက်လိုက်တာ ကိုကျော်စိန်ရာ၊ အပျော်ချစ်ချင် သလားတဲ့"

"ပြောရိုးပြောစဉ်သဘောလိုဖြစ်နေလို့ ပြောတဲ့သဘောပါ ဗျာ၊ စိတ်ထိခိုက်သွားသလား"

ကိုကျော်စိန်က တောင်းပန်ပြီးမှ ဆက်ပြော၏။

"ဒီလိုပါ၊ စစ်မဖြစ်ခင်က ကျွန်တော်တို့ နောင်တော် နောင်တော်များခေတ်ကပေါ့ဗျာ၊ ပွဲပြီးတယ်ဆို အငြိမ့်ဆရာနဲ့ ကြည့်စီစဉ် ပြီး လည်သလို စခန်းသွားတတ်ကြတယ်လို့ ပြောကြတာပဲဗျာ၊ ဟုတ် မဟုတ်တော့ ကိုယ်တွေ့မဟုတ်လို့ မသိဘူးလေ၊ ခု လွတ်လပ်ပြီး ခေတ်မှာတောင်မှ ဒီစနစ်မျိုးရှိသလိုလို သတင်းကြားဖူးတာပဲ၊ ဒါပေမယ့် အခု ယဉ်ကျေးမှုနဲ့အနုပညာကို အသားပေးလာတော့ ဒီ အဖြစ်တွေဟာ ပျောက်သလောက်ပါပဲ။

မဇေဒါတို့နဲ့ တချို့အငြိမ့်သမတွေဟာ တော်တော်စနစ်ကြီးတယ်၊ ဣန္ဒြေလည်းရတယ်၊ သူ့ အမေကြီးကလည်း အမြဲပါတယ်၊ မန္တလေးဆိုတာ အငြိမ့်မြို့တော်၊ ဇာတ်မြို့တော်ပဲဗျာ။ ကျွန်တော်က မန္တလေးသားဆိုတော့ တော်တော် စမ်းခဲ့ကြပြီ၊ မဇေဒါတို့ဟာ ပညာသည် တကယ်ပီသပါတယ်။ အကျင့်စာရိတ္တနဲ့ပတ်သက်လို့ အထိမခံဘူး"

"အင်း. . . ဒါကြောင့်ထင်တယ်၊ သူ့မျက်နှာကြည့်ရတာ၊ အပြစ်တော်တော်ကင်းတဲ့ မျက်နှာမျိုး၊ ရည်းစားရှိဖူးတဲ့မျက်နှာတွေ နဲ့တောင်မတူဘူး၊ တစ်ပုံစံပဲ"

"အငြိမ့်သမလေးဘက်ကတော့ သန့်ရှင်းပြီးသားဆိုတာ ကျွန်တော်သိတယ်လေ၊ ခင်ဗျားဘက်ကသာ ဘာစေတနာလဲ သိချင်လို့ပါ၊ ဒါကြောင့် ခင်ဗျားချစ်ဘယ်ဆိုတာ စိတ်ထဲက လေးလေး စားစား ချစ်ချင်တာလား၊ တစ်ခါပွဲတော်တည်ဖို့လောက် စဉ်းစား နေတာလားလို့ မေးတာပါဗျာ၊ စိတ်မရှိပါနဲ့"

ကိုကျော်စိန်က ရယ်ကာ စကားအစသတ်လိုက်၏။ "ကျွန်တော် လေးလေးစားစားချစ်ချင်လို့ ဒီလိုစဉ်းစားနေ မိတာပေါ့၊ မဇေဒါသာ ကျွန်တော်နဲ့ ရပြီးရင်တော့ က,ခွင့်မပြုတော့ ဘူး၊ သူ့သီချင်းအတိုင်းပဲ မီးရောင်အောက်မှာ လူပြက်တွေနဲ့စကား ပြောတာ ကျွန်တော် မကြည့်ရက်ဘူးဗျာ"

ကိုကျော်စိန်သည် ထပ်၍ ရယ်ပြန်၏။ ကိုကျော်စိန် ရယ် သံမှာ အဓိပ္ပါယ်အများကြီးပါသလိုပင်၊ ကိုစောထွန်းစိတ်ကို တုန်လှုပ် သွားစေသည်။

"မုန့်ဆီကြော်ဖြင့်မစားရသေးဘူး၊ နှုတ်ခမ်းနာနဲ့တည့်ပါ့မလားဆိုတာကျနေတာပဲ၊ မဇေဒါကို သိတောင်မသိရသေးဘူး၊ လူ ပြက်တွေနဲ့ မကြည်ဖြူနိုင်ဘူးလေး ဘာလေးနဲ့ ရယ်စရာကြီး"

"တော်ဗျာ၊ ကျွန်တော့်ဝမ်းထဲရှိတာ ပြောပြရတာလေ၊ ခင်ဗျားက ရွှေမန်းကဆိုတော့ အကြောင်းသိမှာပါပဲ၊ မိတ်ဆွေဖြစ် အောင် ဆက်ပေးစမ်းပါ"

"အင်း ကျွန်တော် မဇေဒါနဲ့တော့ မရင်းနှီးဘူး၊ ဒီအငြိမ့်ပိုင်ရှင်ကတော့

မန္တလေးရုစ်ဆယ့်လေးလမ်း ထဲမှာ နေတယ်၊ ဦးသာလှတဲ့သူနဲ့တော့ရင်းနှီးတယ်၊ ဟို လူပြက်ဦးရွှေဗျော့ကတော့ မန်နေဂျာ လိုသဘောပေါ့၊ သွားလေရာ ငွေရေးကြေးရေးအားလုံး သူအုပ်ချုပ်ရတယ်၊ ဦးသာလှက မြို့တိုင်း မလိုက်နိုင်ဘူး”

“ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ၊ မဗေဒါနဲ့ မိတ်ဆွေအဖြစ် သိခွင့်ရအောင်တော့ ခင်ဗျား ကြိုးစားပေးပါ”

“ဟော. . ကိုယ့်လူကလဲ အတော်သည်းပါလား၊ ဒါမျိုးက ဒီလို မဟုတ်ဘူး၊ ဖြည်းဖြည်းပေါ့၊ ခင်ဗျားကလဲ၊ သူတို့ မနက်ဖြန် မော်လမြိုင်ဘက် ကူးမယ်ဆိုလားပဲ။ ဒီကိစ္စ ခဏထားပါဦးဗျာ၊ စာမေးပွဲအောင်ဖို့ လုပ်ရဦးမယ်၊ ဖိုင်နယ်ဆိုတော့ အမှတ်ကောင်း ကောင်းနဲ့ အောင်မှ၊ မနက်စောစောထဖို့ ကျွန်တော် အိပ်တော့ မယ်"

“ကျွန်တော်တော့ စဉ်းစားဦးမယ်”

ကိုကျော်စိန် ထသွားသည်အထိ ကိုစောထွန်းမှာ မအိပ်နိုင်သေးဘဲ တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

※※※

နွေရာသီကျောင်းပိတ်ရက်တွင် ကိုကျော်စိန်က မန္တလေးကို ပြန်ရမည်ဖြစ်၏။ အငြိမ့်ပိုင်ရှင် ဦးသာလှမှ တစ်ဆင့် မဖေဒါထံသို့ မိတ်ဆက်စာရောက်အောင်ပေးရန် ကိုစောထွန်းက စာတစ်စောင် ကိုကျော်စိန်သို့ ပေးလိုက်လေသည်။

စင်စစ် သူ့တွင်မူ အတည်တကျ လိပ်စာရှိသော်လည်း မဖေဒါသည် မြစ်ရိုးတွင် မျောသည့် မဖေဒါပန်းလေးလိုပင် တစ်မြို့ ဝင် တစ်မြို့ထွက်ကာ အစဉ်ရွှေ့လျားနေသူမို့ အတည်တကျ လိပ်စာ မရှိပါပေ။ ဦးသာလှမှတစ်ဆင့် ပေးခြင်းသည် သေချာဆုံးပင် ဖြစ်ရ မည်ဟု ကိုစောထွန်းက ယူဆ၏။

စာမေးပွဲအောင်စာရင်းကို စောင့်မျှော်ရင်းပင် မဖေဒါ ဘယ်မြို့တွင် ကပြ၍ ဘယ်မြို့သို့တစ်ဆင့် ကူးသွားသည်ကိုလည်း အစဉ်နားစွင့်၍နေ၏။ မဖေဒါသတင်းများ သတင်းစာမှာ ပါလာ လျှင် အမြတ်တနိုး ကြည့်ရ၏။ သဘင်ရုပ်စုံတွင် မဖေဒါအကြောင်း ဝေဖန်ထားလျှင်လည်း ဂရုတစိုက်ဖတ်ရသည်။

မဖေဒါ၏ အငြိမ့်ပွဲတွင် လူအုပ်ကိုထိန်းမရအောင်ဖရိုဖရဲ ဖြစ်သွားရသည်ဆိုပြန်လျှင်လည်း သူ့မှာ မဖေဒါအတွက် စိတ်ပူရသည်။ ပရိသတ်က မဖေဒါအပေါ် အုတ်အုတ်သဲသဲ စွဲလမ်းတမ်းတ ကြသည်ဆိုတော့လည်း စိတ်ထဲတွင် သဘောကျ နှစ်သက်မိသည်။

သူ့ချစ်သူသည် ပြည်သူ့အသည်းစွဲ အနုပညာသည် တစ် ယောက်ဆိုသည်ကို ဂုဏ်ယူမိသည်နှင့်အမျှ မသိမသာ နှလုံးသား တစ်ထောင့်တွင် ခိုဝင်နေသော မနာလိုစိတ်ကလေးက ပြူ၍ ပြူ၍ လာတတ်၏။

“မက,ပါနဲ့တော့မဖေဒါရယ်၊ဒီလူပြက်ကြီးတွေနဲ့ မီးရောင် အောက်မှာ တွဲနေတာကို မောင် မကြည့်ရက်ပါဘူး၊ မောင် မကြည် ဖြူနိုင်ပါဘူး”

သူသည် တိတ်တခိုးပင် ရေရွတ်မိ၏။ တိတ်တခိုး ရေရွတ် ရာမှ တစ်လတစ်စောင်ဆိုသလို ဦးသာလှမှတစ်ဆင့် မဖေဒါထံကို စာရေးတော့သည်။ ထိုစာများတွင်မူ သူသည် ဘာကိုမျှ ဖုံးကွယ်၍ မထား။ သူ့ရင်တွင်းရှိသမျှကို ပွင့်ပွင့်လင်းလင်းပင် ရေး၏။ သို့သော် မဖေဒါထံမှမူ ပြန်စာတစ်စောင်မျှ မရသေးပေ။

သူ့စာထဲတွင်မူ သူသည် သူ့ကိုယ်သူ ‘မောင်’ဟူ၍ ရေးသား ဖော်ပြ၏။ နေ့တိုင်းလိုတော့ အားလပ်၍ သီချင်းညည်းမိတိုင်း ဟောင်းမြင်းရှေးကျလှုပြီဖြစ်သော ဤ မမြရင်၏ “မီးရောင်အောက် ကို ဝင်ရင် လူပြက်တွေနဲ့ ပြောတော့ မောင့်သဘောက မကြည်ဖြူ ပါတယ်'သီချင်းကိုသာ ဆိုမိပေတော့သည်။

အောင်စာရင်းထွက်လာပြီးနောက် ကိုစောထွန်းရော ကိုကျော်စိန်ပါ

အောင်ခဲ့လေသည်။ ကိုကျော်စိန်စာထဲတွင်မူ အင်္ဂလိပ်စာ ဂုဏ်ထူးနှင့်အောင်၍ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာ(ကျူတာ) ဝင်လုပ်မည့်အကြောင်း ပါလာသည်။

သူ့အတွက်မှာမူ သူ့ဖခင် အရေးပိုင်မင်းက သူ့သားသည်လည်း သူ့လိုပင် အရေးပိုင်ဖြစ်ရမည် ဆိုသည်။ ထို့ကြောင့် ကိုစောထွန်းသည် ဘီစီအက်စ် စာမေးပွဲကို ဝင်ဖြေရလေသည်။

ကိုစောထွန်းဘဝတွင် ရေဆန်လှော်ခဲ့ရသည်ဟု တစ်ခါမျှ မရှိခဲ့ပေ။ သူသည် ရေစုန်တွင် ရေစီးသာသောနေရာ၌ လှေယာဉ်ကို ငြိမ့်ငြိမ့်ကလေး စီးလာခဲ့သူတည်း။ သူတို့လို လူတန်းစားများ အတွက် ဘဝသည် သီးသန့်တစ်နေရာ ဖန်ဆင်းထားလေသလော ဟု ထင်မှားဖွယ်ရှိလောက်အောင်ပင် သာတောင့်သာယာရှိလှသည်။ ကျောင်းထွက်လျှင် “ပန်းမွေ့ရာရွှေကော်ဇော”တို့က အသင့်ထိုင်ရန် ခင်းကျင်းပြီးဖြစ်၏။

ဘီစီအက်စ် အောင်သောနေ့တွင်မူ ဖေဖေက “ဖေဖေ အလုပ်ဝင်စကဆိုရင်'ဟူ၍ အစချီကာ သူ အလုပ်သင် ငွေတိုက်ဝန် ထောက်ဘဝမှသည် ယခု ပင်စင်စားအရေးပိုင်ကြီးဘဝ ဖြစ်လာ သည်အထိ သူ့ဘဝဇာတ်ကြောင်းကို ပြန်၍ ပြောပြ၏။ ဖေဖေပြော ပြသော ဇာတ်လမ်းတွင်လည်း ဝတ္ထုကောင်းများကဲ့သို့ စိတ်ဝင်စား ဖွယ်ရာ စွန့်စားခန်းများ၊ ဘဝ၏အကွေ့များတွင် တွေ့ရသည့် အပြောင်းအလဲအကြောင်းများလည်း ထူးထူးထွေထွေ မပါလှပေ။

အိုင်စီအက်စ် ဦးပိုက်၏ သမီးက သူ့အား ငွေငါးသောင်း၊ စိန်တစ်ဆင်စာ၊ တိုက်တစ်လုံးတင်ကာ တောင်းယူလိုက်၏။ ထို ကတည်းက ဖေဖေ့ဘဝသည် တွက်သားကိုက်လှ၏။

ဖေဖေက သူ၏ဘဝသည်လည်း သူ့လိုပင် အဆင်ပြေရမည်။ သက်တောင့်သက်သာ ဖြစ်ရမည်ဟု ဆို၏။

“ဖေဖေ့ဟာကလည်း ပျင်းစရာကြီး” ဟု သူက ဆို၏။

“ဘာ ပျင်းစရာကြီး”

အရေးပိုင်ကြီးက တအံ့တသြ သူ့ကို ပြန်မေး၏။ ဖြူနေသော ဗိုလ်ဆံတောက်ဦးချွန် ကလေးပင် အဖိုးကြီးမျက်ခုံးချီလိုက် သောအခါ ထောင်၍ သွားသည်ဟု ထင်ရ၏။

“ဟုတ်တာပေါ့ဖေဖေရာ၊ပျင်းစရာကြီး၊ ဒီစာသင် ဒီကုလား ထိုင်မှာထိုင်၊

ဒီမိန်းမယူနဲ့ ပျင်းစရာကြီး”

သူသည် “ပျင်းစရာကြီး”ဆိုသည့်စကားကိုပင် ထပ်ခါထပ်ခါ ပြော၏။

“ဩော်. . ငါ့သားနှယ် နေပါဦး၊ ဘယ်သူကရော ဒါထက် များး ဘာထူးလုပ်ကြလို့လဲ၊ ကျောင်းကထွက်၊ ကုလားထိုင်တစ်ခုခုမှာ ထိုင်၊ ဒီလိုပဲ မိန်းမယူတာပဲ၊ ဘဝဟာ ဒါထက်ပိုပြီး ဘာမှ မထူးဘူး” “ဖေဖေကလဲ.. မဟုတ်သေးပါဘူး၊ ကျွန်တော်တော့ အပြောင်းအလဲလေးတွေ၊ စွန့်စားခန်းလေးတွေနဲ့မှ ကျွန်တော့်ဘဝကို သဘောကျတာ”

“ဟား.. ဟား.. ဟား.. ဟား. အမလေး. ဟား. ဟား.. ဟား..”

အဖိုးကြီးသည် လှောင်၍ပင်ရယ်နေသလား ထင်ရအောင် ဟက်ဟက်ပက်ပက်ရယ်ရာမှ တိုး၍ အော်ဟစ်ရယ်ပြန်သည်။

“ဘဝစွန့်စားခန်း. . . အမလေးဟဲ့ ငါ့သားလေး၊ ခုခေတ် စာရေးဆရာပေါက်စတွေက စိတ်ကူးရတိုင်း လျှောက်ရေး၊ မင်းတို့ က အဟုတ်ထင်၊ ဘဝတစ်ကွေ့လေး ဘာလေး၊ အဲဒီအကောင် တွေလည်း ကုလားထိုင်တစ်လုံး ပစ်ပေးလိုက်ရင် အငြိမ့်သားဝင်ထိုင် ပြီး ဘဝတို့ဘာတို့ မေ့သွားကြမှာတွေပါကွာ၊ ငါ့သား ငယ်ပါသေး တယ်”

“ဖေဖေကလဲ ဖေဖေရာ၊ လူတိုင်းတော့ ဒီလို မဟုတ်ပါဘူး၊ အရမ်းသိမ်းရုံး မပြောပါနဲ့၊ အချို့တော့လည်း ဘဝတစ်ခု သာယာရေးအတွက် ထိုးပေးတဲ့ ကုလားထိုင်ကို မယူတဲ့ စာရေးဆရာတွေ လည်း ပြည့်လို့”

“အေးပါလေကွယ်၊ ဖေဖေကပဲ တောင်းပန်ပါတယ်၊ ဒါပေ မယ့် တို့များက မိဘအနေနဲ့ကိုး၊ မင်းကို သဲဖြူခင်း ရာဇမတ်ကာ ပေးဖို့က တို့တာဝန်ပဲ၊ မင်းဟာမင်း လျှောက်လိုလျှောက်၊ မလျှောက် လိုနေ၊ တောင်တက်ရတာကိုမှ သဘောကျတာဆိုရင်လည်း တောင် တက်လမ်းတွေ ရှိသားပဲ”

ဖေဖေနှင့် ဆွေးနွေးခန်းသည် ဤတွင် တစ်ခန်းရပ်ခဲ့၏။ ဖေဖေ့ကိုသာ ဖေဖေ့ဘဝကပျင်းစရာကြီးဟု သူ ထိုနေ့ကဆိုခဲ့သော်လည်း ဖေဖေစီစဉ်သည့်အတိုင်း ပြန်တမ်းဝင်အရာရှိအဖြစ် လက်ခံကာ စစ်ကိုင်းကို အလုပ်သင်ဝန်ထောက်အဖြစ် ပြောင်းရွှေ့လာရသည်။

နောင်နှစ်နွေဦးတွင် ကိုစောထွန်းသည် မဗေဒါနှင့် တွေ့ဆုံခွင့်ရခဲ့သည်။ နွေရာသီကျောင်းပိတ်ရက် တွင် ကိုကျော်စိန် ရန်ကုန်မှ ပြန်လာခဲ့၏။ သူရှိရာ စစ်ကိုင်းသို့ကူးလာရင်း မဗေဒါသတင်းကို လာပေး၏။

“မဗေဒါ မေမြို့တက်ဖို့ မနက်ဖြန်လောက် မန္တလေးရောက်လာလိမ့်မယ်၊ မေမြို့ကအပြန် ဦးသာလှအိမ်မှာ တစ်ပတ်လောက် ခဏနားလိမ့်မယ်၊ နားပြီးမှ ကျောက်ဆည်ဘက်ကို ကူးလိမ့်မယ်၊ အဲဒါ နောက်တနင်္ဂနွေတော့ သွားတွေ့ရအောင်၊ ကျွန်တော်လည်း ဦးသာလှကို မှာခဲ့တယ်”

“ကျွန်တော် မဗေဒါကို တွေ့ရမယ်”

တွေ့ရမည်ဆိုတော့လည်း ရင်ထဲမှာ တုန်တုန်လှုပ်လှုပ်ဖြစ် လာ၏။ အမှန်မှာမူ ဝမ်းသာလွန်းလို့ လှုပ်ရှားရသော ရင်ဖိုခြင်းမျိုး ဖြစ်၏။

မဗေဒါနှင့်တွေ့သောနေ့က မဗေဒါရော မဗေဒါအမေကိုပါ တွေ့ရ၏။ ဦးသာလှကလည်း ရည်ရည်မွန်မွန် ဧည့်ခံသည်။ သူ ပေးထားသောစာများကြောင့် မဗေဒါသည် မျက်နှာထားတတ်ပုံ မရပေ။ မျက်လုံးလေးကို ကြမ်းပြင်ပေါ်တွင် စိုက်ခါစိုက်ခါ မပွင့် တပွင့် စကားပြောနေပုံမှာ ချစ်စရာကောင်းသည်ဟု ကိုစောထွန်းက ထင်ပေသည်။

ကိုယ်ဟန်သည် မင်းသမီးအဝတ်နှင့် ပို၍ ကြော့ရှင်း၏။ အရပ်သူအဝတ်အစားနှင့်မူ မဗေဒါအရပ်သည် အနည်းငယ်ပုနေသလို ထင်ရသည်။ ယခင်က မီးရောင်အောက် ဇာတ်စင်ပေါ်တွင် မဗေဒါကို အဝေးမှ လှမ်းမြင်နေရခြင်းဖြစ်၏။ အနီးကပ်တွင် မဗေဒါ သည် မျက်နှာချေလည်း မခြယ်၊ ဆံထုံးမထုံး၊ ပန်းမပန်ဘဲ နေခါမှ သူ့အလှသည် ရိုးရိုးနှင့်ယဉ်ကြောင်း တွေ့ရသည်။

သနပ်ခါးများ တစ်ကွက်နှစ်ကွက်ကလွဲ၍ မဗေဒါမျက်နှာ တွင် နံ့သာမှုန်ကို မတွေ့ရ။ မို့မို့စို့စို့နှင့် ပါးလေးများသည် စကား ပြောတိုင်း၊ ပြုံးလိုက်တိုင်း လှုပ်ရှားသွားသည်ကိုက တို့ထိချင်စဖွယ် ဖြစ်နေပေသည်။ တောက်ပသော မျက်လုံးအစုံသည် တောင်ထိပ်တွင်လင်းနေသော ကြယ်နှစ်လုံးလိုပင် ပါးမို့ကလေးများကို အရောင် ပို၍ ဝင်းစေတော့သည်။

အင်္ကျီလက်တို ဝတ်ထားသောကြောင့် မဗေဒါ၏ သွယ်ပျောင်းသော လက်မောင်းများ ဆင်စွယ်နှစ်လို ဝါကြင်ကြင်အသွေး တောက်နေပေသည်။ ဤလက်မောင်း လက်တံများသည် လှိုင်းလို ဇော့ကာ ရွေ့ကာ လှုပ်ရှားကြရင်းမှ မဗေဒါအကသည် အသက်ဝင်လာ၏။ ကိုစောထွန်းစိတ်ထဲမှာမူ ဤလက်မောင်း ဝါကြင့်ကြင့် မို့ဖောင်းဖောင်းကို စကားပြောစဉ် အမေကလည်း ဝင်၍ပြော၏။ ညှစ်၍ဆုပ်ထားချင်လာလေသည်။ မဗေဒါနှင့် အဘွားကြီးစကားပြောဟန်မှာ သူ့သမီးကို တော်တော်ပင် ထိန်းထိန်းသိမ်းသိမ်း ပြောပုံတွေ့ရ၏။

ကိုစောထွန်း စိတ်တွင် ပို၍ မဗေဒါဂုဏ်သရေကို လေးစားဖွယ်ဖြစ်အောင် အဘွားကြီးဟန်ပန်များက ပြုလုပ်ပေးနေတော့သည် ထင်၏။

ကိုကျော်စိန်သည် ရုတ်တရက်ပင် ဧည့်ခန်းပြင်ရှိ ဝရန်တာ သို့ ထလာ၏။

"ကြီးကြီး ဒီသစ်ခွတွေ အဆန်းပါလား၊ ဘယ်က ပါလာလဲ" အဘွားကြီးသည် ဝရန်တာဘက်သို့ မျှော်ကြည့်လိုက်၏။ တုံးငယ်များနှင့်ကပ်ချည်ထားသော သစ်ခွပန်းများမှာ တချို့ပွင့်ဆဲ ဖြစ်၍ တစ်ချို့ အပင်လိုက် ကြမ်းပြင်ပေါ်တွင် ပုံထား၏။ ပန်းပွင့်များမှာ အတော်လှပ၍ ကိုကျော်စိန်ပင် မမြင်ဘူးသော သစ်ခွပန်း မျိုးကောင်းများ ပါလေသည်။

"အဲဒါတွေ မောင်ရင်ရယ်။ မနေ့က မေမြို့က ယူလာတာ၊ စစ်ဗိုလ်လေးတစ်ယောက် လက်ဆောင်ပေးလိုက်တာလေ"

"ဒါက ဘာမျိုးးလဲ"

ကိုကျော်စိန်က ခရမ်းရောင်ပေါ်တွင် အဝါကွက်ကလေးများ ထင်နေသော သစ်ခွပန်းကို လက်ညှိုးထိုးပြ၏။

အဘွားကြီးသည် ဝရန်တာသို့ ထသွားတော့၏။ ဦးသာလှကလည်း ပန်းများရှိရာသို့ သွားကြည့်ပြန်သည်။ ကိုစောထွန်းသည် ချက်ချင်းလိုပင် ကိုကျော်စိန် ဖန်ဆင်းထားသော အကွက်ကို ရိပ်မိလိုက်သည်။ ဒီနေရာတွင် သူ တက်သုတ်ရိုက်ရန် လိုပေသည်။

"မဇေဒါမေမေဟာ ပန်းဝါသနာပါတယ် ထင်တယ်"

ကိုစောထွန်းသည် မဇေဒါကို နှစ်ယောက်ချင်းစကားပြော ရန် စလိုက်၏။

"ဟုတ်ကဲ့၊ အမေဟာ ပန်းကိုလည်းချစ်တယ်၊ ပန်းပင်စိုက်တာကိုလည်း ဝါသနာပါတယ်၊ သွားလေရာ ပန်းမျိုးတွေစုပြီး ရန်ကုန် ပို့တာပဲ"

"ဪ. . မဇေဒါ၊ ရန်ကုန်မှာ အိမ်ရှိလား"

"ကျွန်မတို့က ရန်ကုန်သူပဲ။ ပညာရှာချင်လို့သာ မန္တလေး တက်လာရတာ၊ ကမာရွတ်စပယ်ခြံမှာ အိမ်လေးတစ်လုံး ရှိတယ်၊ ခြံကလေးကတော့ ပေတစ်ရာလောက်ပဲ ကျယ်မယ်။ အမေလည်း အမှန်တော့ ပန်းလေးတွေနဲ့ ခြံနဲ့ အတည်တကျ နားချင်ရှာမှာပဲ၊ ကျွန်မနောက် လိုက်နေရလို့သာကိုး"

ထိုနေရာတွင် ကိုစောထွန်းအတွက် အကွက်ဆိုက်လေပြီ။ "ဒါကြောင့် မဇေဒါဆီကို မောင်စာရေးတဲ့အထဲမှာ. .

သူသည် 'မောင်'ဆိုသော စကားလုံးကို ထည့်ပြောစဥ် ထစ်၍ တုန်တုန်ရီရီဖြစ်သွားသလို မဇေဒါမျက်နှာတစ်ခုလုံးလည်း ရဲရဲနီသွားလေတော့သည်။

ကိုစောထွန်းက အသက်နား၍ ရှူပြီးမှဆက်ပြော၏။

“မဖေဒါကို အိမ်လေးတစ်လုံးနဲ့ နားစေချင်ပြီလို့ ထည့်ရေး တာပေါ့၊ မဖေဒါ မောင်ရေးသမျှစာတွေ မဖေဒါဆီရောက်ပါတယ် နော်”

“ရပါတယ်”

မဖေဒါသည် အသံတုန်တုန်ရီရီနှင့် ဖြေ၏။

“မဖေဒါ ဘာလို့ စာမပြန်တာလဲ”

မဖေဒါသည် မဖြေပေ။

“မောင့်စေတနာတွေကိုတော့ မဖေဒါ သံသယမဖြစ်စေ ချင်ဘူး”

သူသည် အသံအုပ်အုပ်နှင့် နှစ်ယောက်ကြားလောက်ရုံ ပြော၏။ ကိုကျော်စိန်၏ သစ်ခွပန်းဒြိုကာချဲ့သံမှာ တစ်ချီတစ်ချီညည့် နှ်းလေးသို့ လွင့်လာသော်လည်း သူတို့နှစ်ယောက်လုံး မကြားနိုင် ကြပေ။

“မဖေဒါဟာ မြစ်ရိုးမှာမျောနေတဲ့ ဖေဒါပွင့်လို တစ်မြို့ဝင် တစ်မြို့ထွက်နဲ့ က,နေရမယ့်အစား မောင့်ရင်ခွင်မှာ နားစေချင် တာပါ၊ အမေလည်း သူ့စိတ်တိုင်းကျ ခြံလေးနဲ့ နေရတော့မှာပေါ့”

မဖေဒါသည် သူ့ကို မျက်လုံးဝင့်ကာ ပြန်ကြည့်၏။ ထိုကဲ့သို့ ပြန်ကြည့်ချိန်တွင် မျက်လုံးထဲဝယ် မျက်ရည်လေးများဝေ့၍ မျက်လုံး ရောင်မှာ တဖိတ်ဖိတ်တောက်နေသည်။

“မောင့်ကို စကားပြန်ဖို့ကောင်းပါတယ်”

သူသည် ကြိုးစား၍ အဖြေရအောင် ပြော၏။

“မဖေဒါဟာ မိန်းမပါ၊ အိုးနဲ့ အိမ်နဲ့ အတည်တကျ နားနေ ချင်တာပေါ့၊ ဦးသာလှနဲ့ စာချုပ်ထားတာ နှစ်နှစ်ကျန်သေးတယ်၊ မဖေဒါကို ငွေငါးထောင်ကြိုပေးထားတယ်၊ ဒီငွေနဲ့ မဖေဒါတို့ စပယ်ခြံလေးကို ပြန်ရွေးရတယ်၊ မဖေဒါတို့မှာက သားအမိနှစ် ယောက်တည်းရယ်”

သူ လိုလားသောအဖြေနှင့် မဖေဒါစကားမှာ ဘာမျှ မဆိုင်ပေ။

“ကျန်ငွေကို မက,တော့ဘဲ မောင်က စိုက်ဆပ်မယ်ဆိုရင်ကော”

မဖေဒါသည် သက်ပြင်းချလိုက်၏။

"မဗေဒါ ဒီငွေအကြောင်းကိုပြောတာဟာ ကိုစောထွန်းဆီ က ဒီလိုစကားလာအောင် ချူပြောနေတာ မဟုတ်ပါဘူး"

မဗေဒါသည် ရှင်းရှင်းနှင့်ပြတ်ပြတ် ပြန်ပြောလိုက်၏။

"ဝမ်းနည်းပါတယ် မဗေဒါ၊ မောင့်စိတ်ရင်းကိုသာ မောင် ပြောတာပါ၊ မဗေဒါ ငွေချူတယ်လို့များ စိတ်နဲ့တောင် မပြစ်မှား ပါဘူး"

"စေတနာဆိုတာကိုတော့ ကျေးဇူးတင်ပါတယ်၊ စိုက်ဆပ် မယ့်ငွေလည်း လက်မခံပါရစေနဲ့၊ မဗေဒါပညာနဲ့ ရှာလို့ရတဲ့ငွေနဲ့ပဲ အမေ့ကို အိမ်ရွေးပေးချင်ပါတယ်၊ လုံလည်း လုံလောက်ပါတယ်၊ စာချုပ်စေ့တဲ့အခါလည်း နောက်ထပ်ငွေရပါဦးမယ်"

"ခုဟာက မဗေဒါစာချုပ်အကြောင်းတွေ မောင့်ကိုဖြေနေ တာကိုး၊ မောင်သိချင်တာကိုတော့ မဗေဒါ မဖြေဘူး၊ မောင်ကလည်း အတည်တကျမရှိ၊ ပြောင်းနေရတဲ့သူမို့လား၊ နှစ်ယောက်ဆုံဖို့ ဆိုတာ လွယ်တဲ့ကိစ္စလည်း မဟုတ်ပါဘူး၊ ဒါကြောင့် တွေ့တုန်း မဗေဒါ အဖြေတစ်ခုခု ဖြေပါ"

မဗေဒါသည် သက်ပြင်းကိုသာ တွင်တွင်ချနေလေသည်။ "မောင် သေသေချာချာ လူကြီးမိဘစုံရာနဲ့ တောင်းယူမယ်"

သူ့စကားကိုနားထောင်ရင်း မဗေဒါသည် ခေါင်းကို ဖြည်း ညင်းစွာ ခါလိုက်၏။

"ဖြည်းဖြည်းစဉ်းစားပါ ကိုစောထွန်း၊ မဗေဒါဟာ အငြိမ့် သမ"

"အို. . . အဲဒီ အငြိမ့်သမတွေ ဘာတွေ စကားထဲထည့် မပြောပါနဲ့၊ မောင်နဲ့ညားပြီး မဗေဒါ မက,ရင် ပြီးတာပဲ၊ တက္ကသိုလ် မြေမှာ ပထမဆုံး မဗေဒါကို တွေ့တဲ့နေ့က ပါးစပ်ထဲစွဲလာတဲ့ မမြရင်ကြီးသီချင်းဟာ မောင်ဖြင့် ဒီနေ့အထိ တညည်းညည်း ဆိုနေရတုန်း"

မဗေဒါကား အဖြေကို မပေးဘဲ အမေးကို ထပ်မေး၏။

"အဲဒီညက ပွဲသိမ်းမှာ ဆိုတဲ့သီချင်းရော. . ကိုစောထွန်း မကြားဘူးလား"

"ဩော်. . . အဲဒါကတော့ ကြားရုံတင်မက သနားတောင် သနားပါတယ်"

"မဗေဒါစိတ်ထဲမှာ မဗေဒါကိုချစ်တယ်ဆိုတဲ့ လူတွေရဲ့ စကားကိုကြားရတာ အဲဒီဘေဒါတို့ဒဏ္ဍာရီကို ကြားရသလို မယုံတစ်ဝက် ယုံတစ်ဝက်မို့ပါ"

"အမယ်လေး. . မဗေဒါရယ်၊ ဒီအကြောင်းဟာ သရေ ခေတ္တရာကို

တည်တဲ့အဖြစ်ပါ၊ ဒါဟာ ဒဏ္ဍာရီမဟုတ်ပါဘူး”

မဖေဒါသည် အားယူ၍ပြုံးရင်း သူ့မျက်လုံးတွင် ဝေ့နေသောမျက်ရည်များကို လက်ကိုင်ပဝါဖြူနှင့် တို့လိုက်သည်။ ကိုကျော်စိန့်၏အသံသည် ဝေ့လာပြန်သည်။

“နောင်မှပဲ မဖေဒါ အေးအေးဆေးဆေး စာပြန်ပါရစေ”

ဦးသာလှသည် အချိန်တော်ပြီကို ပြလို၍လား မသိ၊ ပထမဆုံးပြန်ဝင်လာ၏။ သူတို့နှစ်ယောက်လည်း ပန်းအကြောင်းကိုစကားပြောင်းကြတော့သည်။ အမေနှင့်ကိုကျော်စိန် ဂုံညှင်းအကြီးစား လောက်ရှိသောသစ်ခွပန်းတစ်မျိုး အဖြူရောင်တစ်ပွင့်ကို ခူးလာ ကာ အခန်းတွင်းသို့ပြန်ဝင်လာကြ၏။ မဖေဒါလက်သို့ အမေက ပန်းပွင့်ကို လှမ်းပေးရင်း. . .

“ဒီအပွင့်ဟာ ခူးထားတာတောင် သုံးပတ်လောက်ခံတယ်၊ အပင်မှာထားရင်တော့ တော်တော်နဲ့မညှိုးဘူး” ဟု ကိုစောထွန်း ဘက်ကိုလှည့်ကာ ပြောလိုက်သည်။

ထိုနေ့က မဖေဒါနှင့်ကိုစောထွန်း လူချင်းခဏဆုံရသော အခန်းမှာ ဤနေရာတွင် စခန်းသတ်ခဲ့ရသည်။ ဘယ်လိုပင်ဖြစ်ပေ စေ၊ သူ့ရင်တွင်းတွင် ရှိသမျှလှစ်ခဲ့ရသည်မို့ ကိုစောထွန်းက ပျော်၏။ ကိုကျော်စိန်ကို ကျေးဇူးတင်ကြောင်း တစ်လမ်းလုံးပြော၍ မဆုံး တော့ပေ။

မဖေဒါသည် တစ်ဖန် ဆက်၍ ခရီးထွက်ခဲ့ရပြန်သည်။

သို့သော် မိုးဦးတွင်တစ်ဖြိုက်ရွာသွန်းကျလာသော မိုးစက်လေးများ နှင့်အတူ မဖေဒါ၏ ပထမဆုံးပြန်စာကို ရသောအခါ ကိုစောထွန်း က ပျော်၍မဆုံးတော့ပေ။ စာပို့သမား၏အိတ်သည် မိုးပင်မလုံ၍ လားမသိ၊ မင်ရေဖျော့ဖျော့နှင့် သူ့နာမည်ဝိုးတဝါးကို စာအိတ် ပေါ်တွင် တွေ့ရ၏။ ပထမတွင် စာပို့သမားကိုပင် ဒေါသဖြစ်မိ၏။ သို့သော် စာအိတ်ထောင့်တွင် မဖေဒါဟု မြင်ရသောအခါတွင်မူ စာပို့သမားကိုပင် ပြေးခေါ်ကာ ဆုချလိုက်ချင်သည်။

မိုးစက်များသည် ဖွားဖွားကျလာကြသည်မှ ဖြိုင်ဖြိုင်ရွာ၍ လာသည်။ မဖေဒါစာကို ပြတင်းနားတွင် သူဖတ်၏။ အပြင်မှ မိုး မှုန်ပါလာသောလေများက ပြတင်းအတွင်းသို့ ဝင်လာသည်။ လေက စိမ့်ရသည့်အထဲ စာအရသာကလည်း သူ့ရင်ထဲသို့ စိမ့်ဝင်နေလေသည်။ စာပါအကြောင်းအရာများက ထူးလှသည်မဟုတ်သော် လည်း စာအစတွင် “မောင်. . . ”ဟု အစချီလိုက်ခြင်းမှာ သူ့ရင်ကို ချမ်းမြေ့သွားစေခြင်း ဖြစ်ပေသည်။ မိုးလယ်တွင် ရန်ကုန်အိမ်ဝယ်

ခေတ္တနားကာ မိုးနှောင်းသည့်တစ်ပြိုင်နက် ဆက်လက်၍ ခရီးထွက်ရဦးမည့်အကြောင်း၊ မဇေဒါစာတွင် ပါရှိသည်။ စာ၏အဆုံးတွင်မူ **“မောင့်ရဲ့… မဇေဒါ’**ဟု လက်မှတ်ထိုးထား၏။

ထိုလက်မှတ်ထိုးဟန်ကပင် မဇေဒါသည် သူ၏အချစ်ကို လက်ခံကြောင်း အထောက်အထားပင် မဟုတ်ပါလော။ သူသည် ပျော်လွန်း၍ ခေတ္တယောင်ချာချာ ဖြစ်၍သွားသည်။ စာရွက်ကိုရင် မှာကပ်၍ မိုးစက်များကို ကြည့်မိ၏။ ငွေရောင်တောက်သော မိုးစက်များသည် ဖျတ်လတ်ရွှင်လန်း၍ ခုန်ပေါက်မြူးထူးဟန်ရှိ၏။

နွေဦးက ထွက်ပြူလာသော မြဝတ်ရည်လွှမ်းထားသည့် ရွက်နုများသည်လည်း မိုးစက်မိုးပေါက်များကို ကြိုဆိုကြလေသည်။ မြပုရစ်ဖူး တို့နှင့် မိုးစက်တို့အနမ်းသည် သူ့ရင်ကို တဆတ်ဆတ်နှင့် ရွှင်လန်း စေသည်တကား။

“ရွှေဝါဖူး++မိုးရေဦးကို အထူးပင်စောင့်နေရှာ . ..

မြိုင်ဝနာရဂုံမှာ +++လှောင်းပျံ့ခဲ့တာ”

သူသည် မေရှင်ကြီး၏ သီချင်းကို ဟစ်၍ ဆိုလိုက်မိလေသည်။

သူ့ဆီမှစာများသည် ဦးသာလှထံမှ တစ်လတစ်စောင် မှန်မှန်သွားသလို မဇေဒါထံမှ စာလေးများသည်လည်း သူ့ထံသို့ တစ်လတစ်ခါဆိုသလို မှန်မှန်ရောက်လာ၏။

ဆောင်းနှောင်းလောက်တွင်မူ မြစ်ဝကျွန်းပေါ်မြို့တစ်မြို့ ဆီမှ မဇေဒါ၏စာလေး ရောက်လာ၏။ သူ့စာထဲတွင် နောက်သုံးနှစ်အတွက်ထပ်မံစာချုပ်ရကြောင်း၊ ပထမငွေငါးထောင်မှာ အိမ်ပြန် ရွေးဖို့ဖြစ်၍ နောက်ထပ်ငွေနှင့် အိမ်လေးကို ပြန်လည်မွမ်းမံရမည့် အကြောင်း ပါရှိလေသည်။ စာအောက်တွင်မူ. .

“မောင့်ရဲ့ မဇေဒါ’ ဟုပင် ယခင်အတိုင်းပါလာလေသည်။

"နောက်သုံးနှစ်"

ကိုစောထွန်းသည်အနည်းငယ်စိတ်မောရှ် သွားလေသည်။

နောက်သုံးနှစ် အလုပ်လုပ်သောအချိန်တွင် မဖေဒါမည်မျှ နွမ်းနယ်ရှာမည်ကို သူတွေးကာ မောမိလေသည်။ သို့သော် မဖေဒါကို သူတား၍ ရလိမ့်မည်မဟုတ်။ ဆက်၍သာ က,မည်ဖြစ်လေသည်။

"နားလိုက်ပါတော့ အချစ်ရယ်" အစချီ၍ သူစာရေးမိပြန်သည်။ မဖေဒါထံ နောက်စာတွင်မူ စာသားများမပါခဲ့ပေ။ ကဗျာသုံး ပိုဒ်သာ ပါလာခဲ့၏။

"မဖေဒါ၊ ဘယ်ရွာဘယ်စခန်းနဲ့
ဘယ်ကမ်းခြေ၊ ဘယ်ရေဆိပ်မှာမှ
နေအိမ်လိုပဲ။
ဒီတက်ရင်ပျော်၊
ဖေဒါမော်ရေကျော်ဆိုက်အောင်
ဆန်လိုက်သည့်ပဲ။
"မဖေဒါ၊ ဘယ်ရွာဘယ်စခန်းနဲ့
ဘယ်ကမ်းခြေ၊ ဘယ်ရေဆိပ်မှာမှ
နေအိမ်လိုပဲ။
ဒီကျရင်ရွှင်၊ ဖေဒါခင် ပင်လယ်ဆိုက်အောင်
စုန်လိုက်သည့်ပဲ။
ဘုတ်မက အီး၊ ပီပီက သံမစဲ၊
မဖေဒါစုန်ဆန်လမ်းကို မှန်းဖို့လိုပဲ။

ထိုကဗျာသုံးပိုဒ်အောက်မှာမှ. . . .

မောင်ရယ်. . .

မဖေဒါသာ ကဗျာစပ်တတ်ရင်တော့ မဖေဒါ ဘဝကို ဆရာဘို့လိုသာ စာစပ်ပြီး

ဖော်ပြလိုက်ချင်ရဲ့ မဗေဒါမှာ ဘဝပါရမီနံ့နည်းသူမြန်မာလို ခုနစ်တန်းပဲ တတ်ပါတယ်၊ မဗေဒါဘဝက ဆရာဇော်ဂျီရေးတဲ့ ဗေဒါလမ်းလိုပဲ၊ မောင်နားစေချင်ပေမယ့် ဘယ်ခါနားရမယ်လို့ မမျှော်မှန်းနိုင်သေးပါဘူး။ ခွင့်လွှတ်ပါမောင်. . .

မဗေဒါ

ကိုစောထွန်းမှာ စာဖတ်ရင်း ရင်ထဲမှာ နင့်၍သွားတော့သည်။ သူ့ချစ်သူသည် ပညာမတတ်ဘူး ဆိုသော်လည်း သူ့အသည်း နှလုံးများသည် ကဗျာကိုချစ်တတ်၍ ဘယ်ကဗျာသည်လှသည်ဟူ၍ သိတတ်သူပါတကား။ သူ့ဘဝနှင့်လိုက်လျောသော ကဗျာလေးကို ကူးယူ၍ ချစ်သူထံကိုပို့တတ်သည်ကပင် မဗေဒါဝယ် မြတ်နိုးဖွယ် ကောင်းသော ဦးနှောက်များရှိကြောင်းကို ဖော်ပြပြန်လေသည်။

မဗေဒါ၏သတင်းကမူ သတင်းစာများတွင် ဟိုးဟိုးကျော် ပါလာသည်။ ဗေဒါသည် ထိပ်ဆုံးသို့ရောက်လာချိန်ဟု ဆိုရမည်လား မသိပေ။ စစ်ဗိုလ်မှူးကြီးများ၏ ပွဲကြီးလမ်းကြီးများ၊ အစိုးရအရာရှိကြီးများနှင့် ကျောင်းတော်သားများ၏ ပွဲကြီးလမ်းကြီးများတွင် မဗေဒါ ထိပ်ဆုံးက ပါလာခဲ့လေသည်။

မိုးကျလုဆဲဆဲ စာတစ်စောင်တွင်မူ ထပ်မံ၍ ကဗျာတစ်ပိုဒ် ပါလာခဲ့၏။

လေပြင်းငယ်ပွေ့၊ လေပြေလျှင်လဲ၊

ချောင်းကျယ်ဘယ်မငြင်း၊

ချောင်းကျဉ်းရင်လဲ

နေပူတုန်းခါ၊ မိုးရွာရင်လဲ၊

လသာသာ ပျို့အိုကြိုက်။

လမိုက်ရင်လဲ၊

အဖော်ငယ်စုံ၊ ဖော်မစုံရင်လဲ

ပွင့်ဖူးငုံအကုန်လန်း၊ နွမ်းနယ်လျက်လဲ။

စုန်ပြန်ရအဖန်ဖန်၊ ဆန်ပြန်ရတလဲလဲ။

မဗေဒါဒီရေကြောမှာ၊

မျောလျက်သာပဲ။

မောင်၀၀၀

မဗေဒါဆိုတဲ့ အငြိမ့်သမလေးတစ်ယောက် ဒီအချိန် ဒီခေတ်မှာပေါ်လာမယ်လို့ ကဗျာဆရာဇော်ဂျီဟာ ကြိုပြီးသိရှာပေလို့လား။ သူ့ကဗျာတွေဟာ မဗေဒါဘ၀ကို ကွက်တိဖော်ပြနေတာပဲ၊ မဗေဒါ မောင့်ကိုလွမ်းလည်းက, နေရတာပဲ၊ ဖော်မစုံတယ်ရယ်လို့ နားနေလို့လည်း မရပါ ဘူးနော်. . အစုန်အဆန်မျောရဦးမှာပါပဲ မောင်။

ချမ်းမြေ့ရွှင်လန်းပါစေ။

မောင့်ရဲ့. . မဗေဒါ

ကိုစောထွန်းသည် စာကလေးကို ယုယစွာနမ်းရှုတ်ရင်း တမျောတည်းမျောနေသော မဗေဒါသည် သူ့အသည်းနှလုံး၀ယ် ခို၀င်နားနေခွင့် ကြုံပါဦးမည်လား။

ရှေ့လလောက်တွင် သူ မန္တလေးသို့ ပြောင်းရမည်လို့ ရန်ကုန်မှ သတင်းရထား၏။ အကယ်၍ မန္တလေးပြောင်းရလျှင် မဗေဒါ မိုးအကုန် အညာတက်လာသည်နှင့် လူချင်းဆုံတွေ့ခွင့်ရ မည် ထင်သည်။ ထိုအခါကျတော့မှ သူ မဗေဒါကို တေ့တေ့ဆိုင်ဆိုင်မက,တော့ရန် တောင်းပန်မည်။ မဗေဒါ က,ရာမှ အနားယူပြီးချိန် တွင် လက်ထပ်ရန်ပင် ဖြစ်လေသည်။

မိုးဦးကျောင်းဖွင့်စက ဤမြက်ခင်းများသည် မြရည်ဖြင့် လိမ်းကျံလျက်ရှိ၏။ ဆရာကိုကျော်စိန်အဖို့ ကျောင်းဖွင့်ကတည်းက ကျောင်းဆောင်မှသည် ဤမြက်ခင်းကို ဖြတ်ကာ အင်္ဂလိပ်စာဌာန သို့ သွားရမြဲဖြစ်၏။

မြက်ခင်းပြင်သည် တက္ကသိုလ်ရုံးရှေ့တွင်ရှိ၍ ရေတမာပင်များ ၀ိုင်းနေလေသည်။

အဓိပတိလမ်းဘေးတွင် မြင့်မားသော သစ်ပုတ်ပင်ကြီးက မြက်ခင်း၏ မြောက်ဘက်စွန်းကို မိုး၍နေလေသည်။

မြန်မာစာဌာနမှ လည်းကောင်း၊ အင်္ဂလိပ်စာဌာနမှ လည်းကောင်း လှမ်းကြည့်လျှင် အခြားသစ်ပင်များ အလယ်တွင်မှ ထီး တည်းကြီး မြင့်မားနေသော ထိုသစ်ပုတ်ပင်ကြီးကို တွေ့ရသည်။ တစ်မိုးလုံး ရွက်စိမ်းများနှင့်ဝေနေသော ပင်မြင့်ကြီးသည် တဖြည်းဖြည်း ရွက်ကြွေစ ပြုလာလေသည်။ ထိုသစ်ပင်ကြီးတွင် အရွက်များ အားလုံးကြွေလျော့၍ အကိုင်းများသာ သွေ့ခြောက်ခြောက် ကျန်ရစ် ချိန်တွင် စာမေးပွဲများ စမြဲဖြစ်၏။

ယခု အောက်တိုဘာ ကျောင်းဖွင့်ချိန်တွင်မူ သစ်ပင်ကြီး ပေါ်တွင် ရွှေရောင်သန်းသော ရွက်ဟောင်းများ အနည်းအကျဉ်း ကျန်ရစ်လေသေးသည်။ ပင်ခြေရှိ မြက်ခင်းသည်လည်း ယခင်လို မြရည်လိမ်း၍ စိမ်းမနေကြပေ။ ဝါတစ်ကွက် စိမ်းတစ်ကွက်ဖြစ် နေ၏။ လူလုပ်၍ထားသော ပိုက်မှရေပန်းသည် ချာချာလည်နေသော်လည်း သဘာဝမိုးစက်မိုးပေါက်များလို ဤမြက်ခင်းအား မစိမ်းလန်းစေနိုင်ပေ။

ကိုကျော်စိန်သည် သစ်ပင်ကြီးပင်ခြေတွင် တစ်ယောက် တည်းရပ်နေ၏။ အပင်ရင်းသည် သစ်ပါးပျဉ်းကြီးများပင် ဖြစ်နေ ကာ အချို့နေရာတွင် အပေါက်ကြီးများပင် ဖြစ်နေ၏။

သူသည် သက်ပြင်းချမိ၏။ ဝါဖျော့ဖျော့ဖြစ်လာသော မြက် ခင်းလိုပင် သူ့စိတ်များလည်း နွမ်း၍လာသည်။ ညနေပိုင်းဖြစ်၍ ကျောင်းသင်တန်းလွှတ်ချိန် ဖြစ်၏။ ကျောင်းသားများလည်း ဤ မြက်ခင်းပတ်ဝန်းကျင်တွင် အသွားအလာ နည်းနေလေသည်။ စစ်ကိုင်းကျောင်းဆောင် ရှေ့ဘက်ဆီကမူ ကျောင်းသားများအသံကို ကြားနေရလေသည်။ ယနေ့ည မဗေဒါသည် စစ်ကိုင်းဆောင်ရှေ့တွင် က,ရဦး မည်ဖြစ်၏။ ကိုကျော်စိန်သည် သူ့လက်ထဲမှ သတင်းစာဖြတ်ပိုင်းလေးကို ဖြန့်၍ကြည့်ပြန်၏။ သူကြည့်သောသတင်းမှာ ကိုစောထွန်းနှင့် ခင်မမ စေ့စပ်ကြောင်းလမ်းသော သတင်းဖြစ်လေသည်။ ယနေ့မနက်ပင် အင်္ဂလိပ်နှင့်မြန်မာ သတင်းစာကြီးသုံးစောင်တွင် ထိုစေ့စပ်သော သတင်း ပါခဲ့လေသည်။

တခြားလူများအတွက် ထိုသတင်းစာသည် ဘာမှမထူးခြား ခဲ့ပေ။ သို့သော် ယနေ့နံနက် ထိုသတင်းပါသောနေ့ရှင်းသတင်းစာ ကိုကိုင်ရင်း သူတော့ ကော်ဖီစားပွဲမှာပင် မထိုင်နိုင်တော့ပေ။

မဗေဒါသည် ထိုသတင်းကို မြင်ပြီးရှာလေပြီလား။ ဘယ်နည်းနှင့်မဆို မြန်မာသတင်းစာ တစ်စောင်စောင်တွင် တွေ့ရမည် ဖြစ်သည်။

ချစ်သူစေ့စပ်သောသတင်းကို မနက်တွင်ဖတ်ရသော မဗေဒါသည် ည စင်ပေါ်တွင် က,ရဦးမည်။

ကိုကျော်စိန်သည် အသက်ရှူရကျပ်လွန်း၍ ပါးစပ်ကို ဟ, ကာ လည်ပင်းကိုမော့၍ အသက်ရှူ၏။ မြင့်လွန်းသော သစ်ကိုင်း များက သူ့အား ငုံ့ကြည့်နေဟန်ရှိ၏။

“ဒီတက္ကသိုလ်ကြီးဆောက်ကတည်းက ကျုပ် ဒီနေရာမှာ ရှိနေတာမောင်ရင်၊ ဒီအဖြစ်တွေဟာ ဆန်းလှတာ မဟုတ်ပါဘူး၊ ကျုပ်ရဲ့ ပင်ခြေအောက်မှာ

ကျောင်းသူကျောင်းသားတွေဟာ ဖြတ် သွားကြရင်းပဲ မျက်ရည်စက်လက်နဲ့ ငိုပြီးလည်းသွားကြတာပဲ၊ ဟက် ဟက်ပက်ပက် ရယ်ပြီးလည်း သွားကြတာပဲ၊ ဒါတွေသာ ကြည့်ပြီး ကျုပ် စိတ်ထိခိုက်ရရင် ကျုပ်ကို ခုချိန်ထိ မောင်ရင်မြင်ရမှာ မဟုတ်ဘူး”

သစ်ပင်အိုကြီးက သူ့အား စကားဆိုသည်ဟု ကိုကျော်စိန်က ထင်၏။ သူ့မျက်စိများကို အသာမှိတ်ထားမိပြန်သည်။ သူ့အတွက် မူ သစ်ပင်အိုကြီးလို အတွေ့အကြုံများသူ မဟုတ်။ ငယ်ရွယ်သူမို့ စိတ်ထိခိုက်လွယ်၏။ အထူးသဖြင့် စိတ်ထိခိုက်ရသည်က ပန်းလို အပြစ်ကင်းရှာသော မဗေဒါအား ကိုစောထွန်းနှင့် တွေ့ရအောင် ဖန်တီးပေးသူမှာ သူ မဟုတ်ပါလော။ ထို့ကြောင့် မဗေဒါ စိတ်သော ကရောက်ရခြင်းသည် သူ့တာဝန်မကင်းဟု သူထင်သည်။

နွေရာသီကျောင်းပိတ်ရက် စစ်ကိုင်းမှာ တွေ့ကြစဉ် ထိုအကြောင်းအရာများကို ကိုစောထွန်းသည် တစ်လုံးတစ်ပါဒမှ ဖွင့် ဟ၍ မပြောခဲ့ပေ။ ယနေ့နံနက်မှ သတင်းစာထဲတွင် တွေ့ရခြင်း ကြောင့် မယုံနိုင်လောက်အောင်ပင် သူ အံ့သြနေလေသည်။

ခင်မမနှင့် မဗေဒါဘဝကတော့ မတူပေ။ ခင်မမကို သူတို့ မန္တလေးသားများ ကောင်းကောင်းသိ၏။ ခင်မမဖခင်သည် ရွှေဘိုမှ ဆန်စက်ပိုင်ရှင်ဖြစ်၍ မေမြို့တွင် ကော်ဖီခြံများရှိသည်။ ခင်မမ သည် မေမြို့သီလရှင်ကျောင်းထွက် ဖြစ်၏။ အညာရှိ သတင်းကြီး သော သူဌေးများထဲတွင် ခင်မမအဖေ ဦးဘသာတစ်ယောက် အပါ အဝင်ဖြစ်လေသည်။

ခင်မမသည် ရွှေဘိုတွင်မနေ၊ ပူသောရာသီတွင် မေမြို့မှာ နေ၍ အေးသောရာသီတွင် မန္တလေးမှာ နေပေသည်။ မဗေဒါကတော့ အများသိသလိုပင် ရေလမ်းတွင် ရေအလိုက်မျော၍ ကုန်းလမ်းတွင် ကုန်းအလိုက်သွားကာ “က”စားရသူသာတည်း။

“လူတွေဟာ အလကားပါ၊ သတ္တိလည်းမရှိပါဘူး”

ကိုကျော်စိန်သည် သူငယ်ချင်းအတွက် မချင့်မရဲဖြစ်ကာ ပါးစပ်မှပင် ထွက်၍ ရေရွတ်မိသည်။ သူကျောခိုင်းနေသော လမ်းမ ကြီးပေါ်တွင် ကျောင်းသားတို့သည် မဗေဒါပွဲခင်းရှိရာသို့ သွားစပြု နေကြပေပြီ။ နေရောင်လည်း စွေစောင်းသွားပြီဖြစ်၍ ဝါဖြော့သော နေခြည်မျှင်များသည် မြက်ခင်းများပေါ်ဝယ် နားနေပုံရလေသည်။

မဗေဒါသည် လွန်ခဲ့သောနှစ်နှစ် ဆောင်းဦးပေါက်က တွေ့ခဲ့ရသလို ဤစစ်ကိုင်းဆောင်သို့ပင် ပြန်၍လာပြန်သည်။ ဤစင် ပေါ်တွင်ပင် မီးရောင်အောက်မှာ ပြုံးကာရယ်ကာ သီကာဆိုကာနှင့် က,ပေဦးမည်။ လွမ်း၍လွမ်း၍

သီချင်းကို ဟစ်ရသည်မှာ ရင်နာဖွယ်ရာ မဟုတ်။ ပျော်၍ရွှင်၍သာ သီချင်းကို ဆိုရသည်မှာလည်း မထူးဆန်းပါပေ။

ယခုမူ မဖေဒါသည် မီးရောင်အောက်တွင် ကြိုးစား၍ပြုံးကာ အံခဲ က,ရှာရမည်ကို သူ မကြည့်ချင်တော့ပေ။ ပရိသတ်နှလုံးကို ရွှင်ပြုံးလာအောင် သီဆိုမည့် သီချင်းသံကိုလည်း သူ မကြားရက် နိုင်ပါတကား။

စင်စစ် ကချေသည်တို့တွင် လူသာမန်တို့ထက် ထူးခြားသော အရည်အချင်းတစ်ခုရှိသည်ကို ကိုကျော်စိန် မသိပေ။ သူတို့သည် နှလုံးသား၏ ဝေဒနာကို ပိရိစွာဖုံး၍ သူတစ်ပါး ကြည်နူးနိုင်ရန်အတွက် ပျော်ရွှင်စွာ ကပြသီဆိုပေးနိုင်ခြင်းပင် ဖြစ် လေသည်။

သူသည် မဖေဒါကိုတွေ့ချင်ပေသေးသည်။သို့သော် သူ့ခြေများသည် မဖေဒါ ပွဲခင်းရှိရာသို့ လှည့်ခွင့်မရကြ။ သူ့စိတ်ထဲတွင် ဤပွဲခင်းသည် လူစု၍ မဖေဒါအား ဝိုင်းနှိပ်စက်နေသောပွဲဟု ထင် မြင်လာမိတော့သည်။

မှန်၏။ နွမ်းကာ ပန်း၍ နေသော မဖေဒါအား ပရိသတ်က ထပ်ခါထပ်ခါ က,ခိုင်းဦးမည်။ သူတို့ကြိုက်သော သီချင်းကိုလည်း ထပ်ခါထပ်ခါဆိုခိုင်းဦးမည်။ ထိုစဉ်အခါတွင် မဖေဒါ့အသည်းနှလုံး သည် ဘယ်သို့ရှိရှာပါမည်နည်း။ ထို့ကြောင့် သူ့အမြင်တွင် မဖေဒါ ပွဲခင်းအား “လူစု၍ ဝိုင်းကာနှိပ်စက်သောပွဲ'ဟု မြင်ခြင်းဖြစ်ပေသည်။ သူသည် တစ်ယောက်တည်း ဘွဲ့နှင်းသဘင်ခန်းမမှသည် အင်းလျားကန်ဘက်သို့ ထွက်လာခဲ့လေသည်။ သူ့ရင်ထဲတွင်မူ ဒေါသနှင့် ခံပြင်းသောစိတ်တို့မှာ ရောထွေး၍နေလေသည်။

အကယ်၍သာ နောက်ပိုင်း မဖေဒါအား ထပ်မံနှိပ်စက်သော အခန်းကို ကိုကျော်စိန်သိလျှင်မူ လူသတ်ချင်လောက်အောင် ဒေါသအရှိန်ပြင်းထန်စွာ ပေါက်ကွဲပေလိမ့်မည်။ သို့သော် ကိုကျော် စိန်သည် နောက်ပိုင်းတွင် သူနေသော အဆောင်နှင့် စာသင်ခန်းမှ လွဲ၍ ဘယ်ကိုမှ မသွားတော့ပေ။ မဖေဒါသတင်းကို တတ်နိုင်သ လောက် မကြားအောင်နေ၏။ ကြားနိုင်စွမ်းသော အင်အားလည်း သူ့တွင် မရှိပေ။

※※※

လူလူချင်းနှိပ်စက်ညှင်းပန်းခြင်းဟူသော အမြင်က ပွဲခင်း များက သူ့အား ဝေးကွာစေလေသည်။

မဖေဒါသည် စစ်ကိုင်းဆောင်တွင် က,ပြပြီး နောက်တစ် နေ့တွင် ရန်ကုန်အိမ်မှာ ခေတ္တနားရသည်။ မဖေဒါအဖို့ ကိုကျော် စိန်ထင်သလိုပင် ထိုညက က,ခဲ့ရသည်မှာ သူ အလွန်ပင်ပန်း၏။

နံနက် ချစ်သူ၏စေ့စပ်ကြောင်း သတင်းကို သတင်းစာတွင်ဖတ်ပြီး ညတွင် သူသည် ပျော်ရွှင်စွာ က,ရ၏။ သူ့ရင်ထဲတွင် က,ရင်း က,ရင်း "မသိရှာကြလေခြင်း"ဟု ဖြစ်မိသော်လည်း သူသည်အခစား ကချေသည်ပင် ဖြစ်၏။

သူ့ဝတ္တရားကုန်အောင် မီးရောင်အောက်တွင် ဖျတ်လတ်ရွှင်လန်းစွာ က,ခဲ့ရသော်လည်း သူ့စိတ်ထဲတွင်မူ ခလုတ်နှိပ်လိုက် သော အရုပ်တစ်ခု လှုပ်ရှားနည်းမျိုးနှင့် လှုပ်ရှားခဲ့ခြင်း ဖြစ်၏။

နောက်နေ့တွင် မမျှော်လင့်ဘဲ ဦးသာလှ ကမာရွတ်အိမ်သို့ ပေါက်လာ၏။ အမေက သူ့အိပ်ခန်းသို့ဝင်လာ၍ ပြောချိန်တွင် မဖေဒါသည် အံ့အားသင့်နေသည်။

"အမေ ငါးခြောက်လေး ရေနွေးလေး သွားလုပ်လိုက်ဦး မယ်၊ သမီးထွက်ပြီး စကားပြောဦး"

မဖေဒါသည် အိမ်ရှေ့ဘက်သို့ ထွက်လာ၏။ ဦးသာလှ သည် ခေါင်းရင်းဘက်ကုလားထိုင်တွင် ထိုင်ရာမှ မဖေဒါကို ပြုံး၍ ကြို၏။ သူဝတ်ထားသော ပန်းရောင်နှင့် အနက်ရော၍ ကွတ်ထားသော ဆိတ်ခွံလုံချည်မှာ ဦးသာလှ မျက်နှာပြုံးသလို တောက်ပပလှ နေပေသည်။

"နေကောင်းရဲ့လား မဖေဒါ"

မဖေဒါသည် ခေါင်းညိတ်ပြကာ ညာဘက်ဘေးရှိ ကုလား ထိုင်တွင် ဝင်ထိုင်လိုက်၏။

"ဦးလေးလဲ ကိစ္စတစ်ခု အရေးတကြီးပေါ်လာလို့ ရန်ကုန် ဆင်းလာတာ၊ မောင်ရွှေဗျော့အိမ်မှာ တည်းတယ်။ သူတော့ သိပြီးပြီ။ ဦးလေးပေးလိုက်တဲ့ အစီအစဉ်အရဆို ရန်ကုန်မှာက,ပြီး မြောက် ပိုင်းတိုင်းက ခေါ်ထားတော့ လာရှိုးကူးရလိမ့်မယ်၊ လားရှိုးပြီးရင် တောင်ကြီးသွားဖို့ပဲ၊ အဲဒါ တောင်ကြီးအစီအစဉ်ကို ဦးလေး ဖျက် လိုက်ပြီ၊ စရံလျော်လိုက်တယ်"

"ဟုတ်ကဲ့"

"ဘာဖြစ်လို့လဲဆိုတော့၊ တပို့တွဲမှာ ဦးဘသာသမီး မင်္ဂလာ ဆောင်မယ်"

မဖေဒါသည် ခေါင်းငုံ့နေလိုက်၏။

"ရန်ကုန်က အရေးပိုင်သားနဲ့ တော်တော့်ကို ခမ်းခမ်းနားနား နားဆောင်မှာဆိုတော့ မဖေဒါကိုငှားတယ်၊ ဦးလေးအနေနဲ့ ဦးဘ သာဟာ ကျေးဇူးမကင်းဘူး၊ ဒါကြောင့်အားလုံးအစီအစဉ်တွေ ဖျက် ပြီး တပို့တွဲလဆန်းဆယ်ရက် မဖေဒါ က,ဖို့ လက်ခံလိုက်တယ်"

မဖေဒါသည် စိတ်တင်း၍ နားထောင်နေ၏။ ဦးသာလှ အဖို့ အငြိမ့်ပိုင်ရှင်အနေနှင့် ပွဲလက်ခံခြင်း၊ ဖျက်သိမ်းခြင်းတို့မှာ သူ၏ ငွေရေး၊ ကြေးရေးလုပ်ငန်းသာတည်း။ ထိုအရေးအခင်းတွင် မဖေဒါ၏ခံစားချက်၊ က,လိုခြင်း၊ မက,လိုခြင်းတို့မှာ ထည့်တွက်စရာ မလိုပေ။

မဖေဒါသည် ဘာကို ဆက်ပြောရမှန်းမသိ၊ ဦးသာလှကို ကြည့်လိုက်၊ ဦးသာလှနောက်မှ ပြတင်းအပြင်ကို ကြည့်လိုက်နှင့် စကားပြောဖို့ ကြိုးစားနေရပေသည်။

ဘယ်လိုအဖြစ်ပေနည်း။ ဦးသာလှသည် သူနှင့်ကိုစော ထွန်းတို့အဖြစ်ကို မသိ၍ပင်လော၊ သိလျက်နှင့်ပင် က,ခိုင်းခြင်း လော။ ဦးသာလှထံမှတစ်ဆင့် ကိုစောထွန်း စာပေးနေခြင်းများသည် အငြိမ့်ပိုင်ရှင်တစ်ယောက်အနေနှင့် မင်းသမီးများအဖို့ လုပ်ပေးရသော လုပ်ငန်းဖြစ်၍ ဘာမျှမထူးခြားဟု ယူဆ၍ပင် နေလေ သလား။

"ခနအင်အားသည်ပင် ပထမ" ဖြစ်နေသောခေတ်ဝယ် မဖေဒါ အချစ်ပွဲရှုံးရခြင်းမှာ အဆန်းမဟုတ်ဟု မဖေဒါက စိတ်ကို တစ်ညလုံး ကြိုးစားဖြေခဲ့ပါ၏။ သို့သော် ယခု ထပ်မံ၍ ထိုချစ်သူ၏ လက်ထပ်ပွဲတွင် မဖေဒါသည် သီချင်းဆို၍ ပျော်ရွှင်စွာထပ်မံ က,ပြ ရဦးမည်ဆိုသောအခါ ထိုအဖြစ်မှာ မဖေဒါကို ကိုစောထွန်းတို့ မိသားစု တမင်ဝိုင်းဝန်းနှိပ်စက်ကြခြင်းများပေလား။

အမေကလည်း စားသောက်စရာများကို ဖွယ်ဖွယ်ရာရာ လုပ်ကာ စားပွဲတွင် လာချ၏။

"ဘာအရေးကြီးလို့လဲ မောင်သာလှ"

မဖေဒါက အမေနှင့်ဦးသာလှပြောကြသည်ကို မကြားသလို ငိုင်နေ၏။ ဦးသာလှကလည်း ဦးဘသာသမီး ခင်မမနှင့် ဝန်ထောက်မင်းကိုစောထွန်း မင်္ဂလာဆောင်အကြောင်းကို ထပ်မံ အကျယ်ချဲ့ ပြောပြန်သည်။

"ဩော်… နယ်ပိုင်ဝန်ထောက် မောင်စောထွန်းဆိုတာ အရင် မောင်သာလှတို့အိမ်မှာ အဒေါ်တို့တည်းတုန်းက လာတဲ့ သူငယ် ထင်တယ်"

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်"

အမေကလည်း မသိတတ်လေခြင်း။ ထိုနောက်ကြောင်းကို ဘာဖြစ်၍များ ထပ်မံပြောဆိုပြန်သနည်း။

"ကျွန်မ ဒီပွဲမှာ မက,လို့ မဖြစ်ဘူးလား ဦးလေး"

သူသည် ဦးသာလှ မျက်နှာကို မကြည့်ဘဲမေး၏။

"ဘယ်ဖြစ်မလဲကွယ်၊ တို့ ဦးဘသာကို လွန်ဆန်ပြီး ဘာမှ မလုပ်ရဲဘူး၊ ပြီးတော့လည်း ပွဲကြီးလမ်းကြီးပဲ မဇေဒါ၊ အရာရှိစုံတဲ့ပွဲပဲ"

"ဩော်. . မင်းပေါင်းစုံဖျော်ဖြေဖို့ မဇေဒါ က,ရမှာပေါ့ ဦးလေး၊ သတို့သားနဲ့ သတို့သမီးလည်း ဒီပွဲအလယ်မှာ ပါလာမှာပေါ့"

မဇေဒါက ခပ်ငေါ့ငေါ့လေသံနှင့် ဘာမျှမထိခိုက်သလို အားတင်း၍ပြောလိုက်၏။ အမေရော ဦးသာလှပါ သူ့လေသံကို အဆန်းဟု ထင်လေသလားမသိ။ သူ့မျက်နှာကိုတစ်ပြိုင်နက် လှမ်းကြည့်ကြ၏။

မဇေဒါသည် တစ်ခါဖူးမျှ ယခုလို မပြောခဲ့။ ဦးသာလှတွင် နာမည်ကြီးလာသမျှမင်းသမီးများအား ထိန်းသိမ်းခဲ့ရာတွင် နောက် ပိုင်း အောက်ခြေလွတ်သွားကြ၍ အခက်အခဲ အမြဲတွေ့ခဲ့ရ၏။ မဇေဒါကမူ ဘယ်တုန်းကမှ မာမာပင် သူ့ကို စကားမပြောခဲ့ပေ။

ယခု မဇေဒါစကားလုံးများမှာ ဦးသာလှအတွက် အလွန် ဆန်း၍ နေပေသည်။ သို့သော် မဇေဒါသွင်ပြင်သည် အလွန်ပင်ပန်း နွမ်းနယ်ဟန်နှင့်ပြော၍ ဦးသာလှသည် မဇေဒါကို ဘယ်လိုမှအထင် မမှားမိပေ။

မဇေဒါသည် အမေနှင့်ဦးသာလှစကားပြောနေသည်ကို ဆက်နားမထောင်တော့ပေ။ သူတို့အပါးမှ အသာခွာလာခဲ့၏။ ခုတင်ပေါ်တွင် ပြန်၍လှဲလိုက်သည်။

သူ၏အငြိမ့်ကို ဦးဘသာကပင် ငှားဦးတော့၊ ဤနေရာတွင် မောင်သည် လူစိတ်တော့ အနည်းငယ် ရှိဖို့သင့်၏။ မဇေဒါ သူ့ရှေ့တွင် က,ပြမည်ကို ထိုအချိန်တွင် မောင်သည် ကြည့်ပင်ကြည့်ရက်နိုင်လွန်းသည် တကား။

တကယ်ဆိုလျှင် မောင်ကသာ ထိုအငြိမ့်ပွဲကို မငှားပါနှင့် တားမြစ်လျှင် ယောက္ခမလောင်းကြီး သည်လည်း သူ့ဆန္ဒကို လွန်ဆန် မည်မဟုတ်ဟု မဇေဒါက ယူဆ၏။ သူ့အငြိမ့်ကို ငှားရာတွင် မောင် ၏ဆန္ဒ ပါမပါကို မဇေဒါ မသိပေ။

အကယ်၍သာ မောင့်ဆန္ဒပါလျှင် မောင်သည် အသည်း နှလုံးမဲ့သော အလွန်လျှင် လူမဆန်သော သူသာတည်း။ မဗေဒါအား ထပ်မံ၍ ဘာကြောင့်များ နှိပ်စက်ချင်ပါသနည်း။

မဗေဒါသည် မငို၊ အံကြိတ်ထား၏။ သူ့အဖို့က,ရပေမည်။ သူသည် က,ပြီးစားရသူပေကိုး။

※※※

“ကောင်းချီးသခါ. . . ရွှေနေဇာ ဘုန်းမိုးစွေကာ သွန်းဖြိုး ဇေယျာ၊ ဟသ်ာဘွေဆောင်မြှေဘုံဦး၊ ပြဘာတော်သာ ကျူးရင့် ကြွေးကော်ပြာ”

မင်္ဂလာကျက်သရေဖြိုးဖြိုးဝေနေသော ထိုသီချင်းကို သီဆို၍ မဖေဒါသည် ငြိမ့်ညောင်းသော က,ဟန်နှင့် ထွက်လာလျှင် ပရိသတ်ကြီးသည် ငြိမ်ကျသွား၏။

မဖေဒါသည် ရွှေဖလားရောင်ဗလာထမီနှင့် ရွှေမှုန်ကြဲ ထားသော ဇာပဝါကို ခြုံ၍ထားလေသည်။ မင်္ဂလာပွဲသဘင်ဝယ် ရွှေဖလားရောင်သည်သာလျှင် မင်္ဂလာရှိသောအရောင်ဖြစ်သည် ဖြစ်၍ မဖေဒါသည် သူ မြတ်နိုးလှသော ဖေဒါရောင်ကိုစွန့်ကာ ရွှေဖလားရောင်ကို ဝတ်ရ၏။ မင်းပရိသတ်တို့အပေါ်တွင် ရောင် စုံမီးပွင့်များ ထိန်ထိန်လင်းနေလေသည်။ ပွဲခင်းစွန်တွင် ပန်းချုံများ ပေါ်ဝယ် မီးပွင့်လေးများသည် ပန်းများနှင့် အပြိုင်ပွင့်နေ၏။

မဖေဒါသည် ပွဲလယ်ပရိသတ်ကို မကြည့်။ သူ့အကကိုသာ ငြိမ့်ငြိမ့်ညောင်းညောင်း ညင်ညင်သာသာ က,၍ သွား၏။ အကယ် ၍သာ ပွဲလယ်ကို မဖေဒါကြည့်လျှင်လည်း သီရိကျက်သရေဖြိုးဝေ နေသော သတို့သမီးအပါးဝယ် ခေါင်းစိုက်နေသော သတို့သားဝန် ထောက်မင်းဦးစောထွန်းကို မဖေဒါ တွေ့ရမည် ဖြစ်ပေသည်။

လူ့ရှင်တော်ကြီးများကလည်း ဦးစောထွန်းနှင့် ခင်မမတို့၏ ဂုဏ်ပေါင်းမြောက်မြားစွာကို ချီးကျူးကြပြန်သည်။

“မင်္ဂလာရှိသော ပွဲပေကိုးဗျ၊ မင်္ဂလာရှိသော မင်းပရိသတ် အပေါင်းလည်း စုံလင်တဲ့ ချိန်ခါမှာ ကျွန်တော်တို့ မဖေဒါကလည်း မင်္ဂလာရှိတဲ့ တေးသီချင်းနဲ့ ငြိမ့်ငြိမ့်ညောင်းညောင်း က,သွားတာ မင်္ဂလာ မရှိပေဘူးလားဗျာ”

ဦးရွှေဗျော့က ထုံးစံအတိုင်းမင်္ဂလာတွေမိုးမွှန်အောင် ပြော လိုက်၏။

“မင်္ဂလာရှိပါ့ဗျာ၊ ကဲ. . ခုတစ်ချီ ကျွန်တော်တို့ မဖေဒါက ဝန်ထောက်မင်း ဦးစောထွန်းနဲ့ ဝန်ထောက်ကတော်ဒေါ်ခင်မမတို့ သက်တော်ရာကျော်ရှည်ပြီး ပေါင်းသင်းသွားရစေကြောင်း ဆု တောင်းမင်္ဂလာ သီချင်းဆိုပြီး ကပြအသုံးတော်ခံဦးမှာဗျ”

ဒုတိယလူ့ရှင်တော် ဦးသကြံ်န်က တောင်ရှည်ပုဆိုး အဝါ ကွက်ကြဲကြီးကို ဟန်ပါပါ မ,ကာပြောရင်း မဖေဒါအပါးသို့ တိုးလာ၏။ မဖေဒါသည် ခေတ္တနားချိန် ဆိုင်းဝိုင်းဘက်သို့ မျက်နှာ လှည့်နေ ရ၏။

သူ့ရင်ထဲတွင် သီချင်းစ ဆိုဖို့ ကြိုးစားသော်လည်း ဆို့၍ လာသည်။ အသံသည် လည်ချောင်းဝမှာ တစ်ဆို့နေသလို ဖြစ်နေ၏။ လက်ကိုင်ပုဝါဖြူနှင့်

စို့လာသော မျက်ရည်ကို တို့လိုက်သည်။ မဆို၍ကားမဖြစ်၊ ဆိုရပေဦးမည်။ မက,ချင်၍လည်း မဖြစ်၊ က,ရ ပေဦးမည်။ ဆိုင်းဝိုင်းက သီချင်းကို စ၍ပင် ပျိုးနေလေပြီ။ ဩော်. . . ချစ်သူအတွက် ဆုတောင်းခြင်းပင် ဖြစ်၏။ မဆိုနိုင်အောင်မဖြစ်သင့်ဟု သူ့စိတ်တင်းကာ အသံကိုထိန်း၍ သီချင်းကို စ,လိုက်၏။

"မြယဉ်သီတာ..."

အသံသည် လေတွင်စီး၍ဝဲပျံကာ တလွင်လွင်ထွက်လာ၏။ ပရိသတ်သည် ကြက်သီးမွေးညင်း ထသွားလောက်အောင် မဗေဒါအသံသည် ချိုသာငြိမ့်အေး၍ သီချင်းသည် ရတုလိုအပိုဒ် တိုနှင့် စပြီးမှ ခေတ်တေးသွားနှင့် အသံပြောင်းပြီး စပ်ထား၏။

"မြရောင်တောက်၍ အေးမြချမ်းငြိမ်းသော ရေအလျှာကို ဓားနှင့်သားသော်လည်း မကွဲမပြား တစ်သားတည်းသာ ဖြစ်နေသကဲ့သို့ သတို့သား ဦးစောထွန်းနှင့် သတို့သမီး ခင်မမတို့ သက်တော်ရာကျော်ရှည်ကာ ပေါင်းသင်းရ စေကြောင်း ဆုတောင်းပါသည်" ဆိုသော သီချင်းပင်ဖြစ်လေသည်။

လက်ခုပ်သံများ ဝက်ဝက်ကွဲအောင် ပေါ်လာ၏။ မဗေဒါ သည် အက,ဆုံးလျှင် စကားဆက်မပြောနိုင်။ ဆိုင်းဝိုင်းကို မျက်နှာ ချင်းဆိုင်ကာ သွားထိုင်ပြန်သည်။ စိတ်ထဲမှာ သူ၏က,ချိန်ကို ကုန် စေချင်ပေပြီ။ ရင်များမှာ ခုန်လွန်း၍ သွေ့အသားများပင် တုန်နေ သည်ဟု ထင်ရပေသည်။

လူတစ်ယောက်သည် ဇာတ်စင်ပေါ် တက်လာ၍ ဦးရွှေဗျော့အား တစ်စုံတစ်ခုပေးကာ ဆင်းသွားသည်။ ဦးရွှေဗျော့သည် လက်ထဲမှစာရွက်ကို ဖြေ၍ဖတ်လိုက်၏။

"ကြွရောက်လာသော မင်းပရိသတ်များခင်ဗျား၊ သူဌေးကြီး ဦးဘသာ သမီးဒေါ်ခင်မမက မဗေဒါကို အကအဆို ကောင်းလွန်း လို့ စိန်လက်စွပ်တစ်ကွင်း ဆုချလိုက်ပါတယ်"

ပရိသတ်သည် လက်ခုပ်တီး၍ ဩဘာပေးကြပြန်သည်။ မဗေဒါကမူ အံကြိတ်ထားရလေသည်။

"ကဲ. . မဗေဒါရေ၊ မမခင်မမရဲ့ မေတ္တာရေကို ခံယူသော အားဖြင့်ပေါ့ကွယ်၊ လက်စွပ်ကို ဝတ်ပြပါဦး'

ဦးရွှေဗျော့က မဗေဒါအပါးကပ်ခါ လာခေါ်ပြန်သည်။ မဗေဒါသည် စင်ရှေ့မီးရောင်အောက်သို့ လိုက်သွားရပြန်သည်။ တတန်းသွား စိန်လက်စွပ်ကို ဦးရွှေဗျော့က မဗေဒါလက်တွင် စွပ် ပေးလိုက်၏။

ယခုအကြိမ်တွင်မူ မဖေဒါ၏ မျက်ရည်စက်များသည် လက်စွပ်ပေါ်သို့ ကျ၍သွားလေသည်။ ပရိသတ်ကမူ မရိပ်မိပေ။

မဖေဒါနောက်သို့ ပြန်ဆုတ်မည့်ဆဲဆဲတွင် စာတစ်စောင် နှင့်လူတစ်ယောက် တက်လာပြန်၏။ ဦးသကြ်န်သည် စာရွက်ကို ဖွင့်ဖတ်ပြ၏။

"မဖေဒါကို ဦးအောင်ဝင်းက မမြရင်ရဲ့ မီးရောင်အောက် ကိုဝင်ရင် ဆိုတဲ့ သီချင်းဆိုပြပါတဲ့ ခင်ဗျာ"

မဖေဒါသည် ထိုသီချင်းကို မဆိုချင်တော့ပေ။ ဦးအောင်ဝင်းကို "အလိုက်မသိလေခြင်း" ဟု အပြစ်တင်ရမှာကလည်း ဦးအောင်ဝင်းသည် သူ့အဖြစ်ကို သိရှာသည်မဟုတ်။ ဦးရွှေဖျော့အား မဆိုပါရစေနှင့်တော့ ဟု တိုးတိုးကပ်၍ တောင်းပန်လိုက်၏။

"မဖြစ်ပါဘူးကွယ်၊ နောက်ဆုံးနိဂုံးချုပ် ဆိုလိုက်ပါ မိန်း ကလေးရယ်" ဦးရွှေဖျော့က လေသံနှင့် တောင်းပန်၏။

မဖေဒါသည် သီချင်းကိုဟာစ်ရပြန်သည်။တပို့တွဲ၏ အအေး သည် မန္တလေးတွင် ကျင်နေအောင် အေး၏။ ပရိသတ်ကလည်း နှင်းမှုန်ကိုပင် သတိရပုံ မပေါ်ပေ။ ထိုသီချင်းနှင့် နှင်းမှုန်တို့ကား မဖေဒါအား တက္ကသိုလ်နယ်မြေကို ပြန်လည်သတိရစေတော့သည်။

ပွဲပြီး၍ အငြိမ့်ကားကို စီးကာပြန်လာချိန်တွင် အမေက မဖေဒါ့အပါးကပ်ကာ မေးလိုက်၏။

"ဆုရတဲ့စိန်လက်စွပ်ဟာ ဘယ်လိုဟာမျိုးလဲ အမေ့ပြစမ်း" မဖေဒါသည် အမေ့ကို ဆတ်ခနဲကြည့်ကာ "လမ်းမှာ လွှတ် ပစ်ခဲ့တယ်"ဟုပြန်ပြောလိုက်သည်။ အမေသည် မဖေဒါ၏အပြုအမူ များကို ဘာမှနားမလည်ပေ။ ကြောင်ကြည့်နေ၏။ "ပက်စက်လွန်း လှပါကလား"ဟု အမေ့စိတ်ထဲက ထင်လိုက်၏။

အမှန်စင်စစ် ထိုလက်စွပ်ကို ကြည့်နိုင်လောက်အောင် သည်းခံနိုင်စွမ်း မဖေဒါတွင် မရှိတော့သည်ကို အမေ မသိပေ။

※※※

ဆောင်း၏ပန်းများလည်း ပွင့်ဖက်များ ကြွေကျလေပြီ။ ဝတ်မှုံလည်း ရင့်ရော်၍ မျိုးစေ့ဘဝသို့ ပြောင်း၍ လေသည်။ ဆောင်းလယ်က မွှေးခဲ့သော ရနံ့များလည်း ဝတ်မှုံများတွင် မရှိတော့ပေ။ ပျိုမျစ်စဉ်အခါက ပန်းကလေးများလည်း အပျိုဖော်ဝင်စလို ကြွရွ တင့်တယ်သလောက် မျိုးစေ့ကို ထိန်းရချိန်ဝယ် ကိုယ်ဝန်သယ်လိုပင် အလှပြယ်စ ပြုလေသည်။

တက္ကသိုလ်ဆရာများ အဆောင်ရှေ့တွင် မာလီက အပင် များကို တူးဆွ၍ လှဲလိုက်သောအခါတွင်မူ အမယ်အိုကြီးလို တုန်တုန်ရီရီနှင့် မြေမှာ ပန်းပင်များ လဲကျ၍သွားကြ၏။ ဆောင်းတွင်း တစ်လျှောက်လုံးတွင်တော့ လှလိုက်သည့်ဖြစ်ခြင်း၊ ယခုတော့လည်း အရွက်များဝါကာ အရိုးလည်း ပြိုင်းပြိုင်းကျ၍ နေလေသည်။

တစ်ပင်ပြီးတစ်ပင် ခုတ်သွားသော မာလီကို ကိုကျော်စိန် က စူးစိုက်ကြည့်နေမိ၏။

“ဒီနေရာမှာ ဘာစိုက်မလို့လဲဟင်”

မာလီသည် ကိုကျော်စိန်မေးခွန်းကြောင့် အလုပ်ကို ခေတ္တ နားလိုက်၏။

“နွေရာသီအတွက် နေကြာအသေးတွေ စိုက်မလို့” မာလီသည် လုပ်မြဲဆက်၍ လုပ်သွား၏။

ဆရာများနေသော ကျောင်းအဆောင်တွင် အားလုံးလိုလို နွေရာသီကျောင်းပိတ်ရက်နားရန် ဌာနေသို့ ပြန်ကုန်ကြလေသည်။ ကိုကျော်စိန်တစ်ယောက်တည်းသာ နေရစ်၏။ အဆောင်တွင်နေ ကာ ထမင်းကိုမူ ဦးကံသိန်းထံတွင် လခပေး စား၏။ မန္တလေးသို့ မပြန်သည်မှာ နွေနှစ်နွေပင် တိုင်ခဲ့လေပြီ။

တစ်နွေလုံး စာဖတ်၏။ အမ်၊ အေ ဖြေရန် ပြင်ဆင်ရင်း မာလီတကုတ်ကုတ် လုပ်နေသည်ကို ကြည့်၏။ တစ်ခါတစ်ရံ ရန်ကုန်ထဲသွားကာ ရုပ်ရှင်ကြည့်သည်။ မဗေဒါအတွက် စိတ်ထိခိုက် နေမှုမှာ ဖြေဖျောက်၍မရပေ။

“ငါက ကာယကံရှင် မဟုတ်ဘဲ၊ ငါ မဗေဒါ အပေါ် သစ္စာ ဖောက်တာမှ မဟုတ်ဘဲ” ဟု စိတ်ကိုဖြေ၍ တွေးတိုင်း “ငါ့ကြောင့် မဗေဒါ ကိုစောထွန်းနဲ့ တွေ့ခဲ့ရတာ၊ ငါပဲ အဆက်အသွယ် လုပ်ပေးခဲ့တာ” ဟူသောစိတ်က တစ်ထောင့်မှ ပေါ်လာကာ သူ့ကိုယ်သူ ခွင့် မလွှတ်နိုင်အောင် ရှိလေသည်။

ထို့ကြောင့် ကျောင်းစာသင်ခန်းနှင့် ကျောင်းဆောင် အတွင်းသာ သူ့အချိန်ကို သူဖြုန်းရင်း စိတ်ဖြေ၏။ မာလီကြီးကို ကြည့်ကာ အပျင်းဖြေ၏။

နွေ-မိုး-ဆောင်း ရာသီအလိုက် လှည့်၍လှည့်၍ ပန်းပင် လေးများကို စိုက်၏။ အသစ်နှင့်အဟောင်းသာ ကွာကြသည်။ စိုက်သော ပန်းများကမူ သူ့ရာသီနှင့်သူ့ပန်းသာ ဖြစ်သည်။ မိုးဦးတွင် ဤနေရာဝယ်၊ ထပ်တစ်ရာရောင်စုံများကို စိုက်၍ ဆောင်းဦးတွင် ပန်းချဉ်ပေါင် သရက်ထည်နှင့် ကျားပါးစပ်ပန်းများကို စိုက်၏။ နွေဦး တွင် နေကြာအဝါ ပွင့်သေးများကို စိုက်ကြပြန်သည်။

သူသည်လည်း ကျောင်းဖွင့်လျှင် ဝိဇ္ဇာအောက်တန်းတွင် အင်္ဂလိပ်စာ ပြရဦးမည်။ တစ်နှစ်နှင့် တစ်နှစ် တပည့်များမှာ အဟောင်းအသစ်သာ ကွာသွားကြသည်။ သူ့မှာတော့ ဤအတန်းတွင် ဤရာသီဝယ် အင်္ဂလိပ်စာ မျိုးစေ့ကိုသာ ကြဲ၍ စိုက်၍သွားရ၏။ တစ်ဆောင်းကုန်တော့လည်း သူတို့လေးတွေ စာသင်ခန်းမှ ပျောက်၍ သွားကြပြန်သည်။

မိုးဦးသို့ ရောက်လျှင် မိုးစက်နှင့်တွေ့သော ပန်းပွင့်သစ် များသဖွယ် မျက်နှာအသစ်များကို အတန်းထဲတွင် ရွှင်လန်းစွာတွေ့ ရဦးမည်။

သူ့ဘဝသည် မာလီကြီးနှင့် မခြားပေ၊ မာလီကား ပန်းများ ၏ ဥယျာဉ်မှူးဖြစ်ကာ သူကား လူများ၏ ဥယျာဉ်မှူးဖြစ်သတည်း။

ဤတက္ကသိုလ် ကျောင်းစာသင်ခန်းဝယ် ကျောင်းသူနှင့် ကျောင်းသား၊ ဆရာနှင့်တပည့်တို့၏ မရိုးနိုင်သော အချစ်ဇာတ် လမ်းတို့သည် တစ်ခုပြီးတစ်ခု ကပြသွားကြ၏။

သူ့ရင်တွင်းမှာမူ တက္ကသိုလ်ကျောင်းတော်သားတစ်ဦးနှင့် အငြိမ့်သမလေး ဇာတ်လမ်းသည် ဘယ်တော့မှ မမေ့နိုင်။

အင်္ဂလိပ်စာစီစာကုံးစာအုပ်များ ပြန်ပေး၍ ကျောင်းသားများအား အင်္ဂလိပ်စာအမှားများကို နည်းပြသင်တန်းပေးချိန် အချိန် ပိုနေလျှင် သူသည် စိတ်ဓာတ်အကြောင်းကို ကျောင်းသားများနှင့် ဆွေးနွေး၏။

ကတိသစ္စာဆိုသောတရားကို ကျောင်းသားတိုင်း ထိန်း သိမ်းနိုင်ဖို့ရာမှာ ကိုယ်ကျင့်တရားသည်သာ တစ်ခုတည်းသော နည်းလမ်းဖြစ်သည်ကိုသာ သူ ခဏခဏ ပြော၍နေလေသည်။ အောက်တိုဘာ ကျောင်းမပိတ်ခင် မိုးသည်းနေသော နေ့ တစ်နေ့ ဖြစ်လေသည်။ ဆရာကျော်စိန်သည် စာသင်တန်း အချိန် ကုန်၍ အဆောင်သို့ လမ်းလျှောက်ပြန်လာခဲ့၏။ သူ့အခန်းတွင် မမျှော်လင့်ဘဲ ဦးသာလှကို တွေ့ရသည်။

သူသည် အခန်းတံခါးကို ဖွင့်၍ ဦးသာလှအား အခန်းထဲ တွင်

နေရာပေးသည်။

"ဆရာကျော်စိန် တက္ကသိုလ်မှာ ရှိနေတယ်သာ သိတာ၊ ဘယ်နေရာမှန်း မသိဘူး"

ဦးသာလှက စ၍စကားပြော၏။

"ဘယ်လိုလုပ်ပြီး ဒီရောက်လာလဲ"

"မန္တလေးအိမ် ဝင်မေးခဲ့တယ်၊ ခင်ဗျားအမေကလည်း နွေ ကျောင်းပိတ် ပြန်မလာလို့တဲ့"

"ဟုတ်တယ်၊ ကျွန်တော်လဲ စာကြည့်ချင်တာနဲ့ မပြန်တာဘဲ"

"ပျောက်ချက်သား ကောင်းနေလိုက်တာ၊ ကျုပ်လည်း ရန်ကုန်ဆင်းလာရင်း ခင်ဗျား တွေ့ချင်တာနဲ့ ဦးကံသိန်း ဝင်မေး တော့ သူက ဆိုက်ဆိုက်မြိုက်မြိုက် လိုက်ပို့တာပဲ"

"ဘာလာလုပ်တာလဲ"

ကိုကျော်စိန်က ဆေးလိပ်ဘူးကို ရှေ့ချပေးရင်း မေးလိုက်၏။

"လာတာက မဇေဒါဆီ လာတာ၊ အခု ပြီးခဲ့တဲ့နွေက မဇေဒါ စာချုပ် သုံးနှစ်ပြည့်သွားပြီ၊ အခု မိုးတွင်းတော့ ထုံးစံအတိုင်း နားတာပေါ့၊ ဒါပေမယ့် ကျုပ်သီတင်းကျွတ်ရင် ပြန်က,ဖို့ နောက်ထပ်စကားစတော့ မဇေဒါက မက,ချင်တော့ဘူးတဲ့"

ကိုကျော်စိန်သည် ခုတင်ပေါ်ထိုင်ရာမှ သက်ပြင်းရှူလိုက်၏။

"သူတို့ကြွေးလည်း ကြေသွားပြီ၊ ကမာရွတ်အိမ်လေးလည်း ပိုင်သွားပြီ၊ ကျုပ်သဘောကတော့ သူလည်း အရွယ်ရှိတယ်၊ သူ့ ပရိသတ်ကလည်း တောင့်တဆဲဆဲ၊ သဘင်ရုပ်စုံမှာဆို မဇေဒါ မက,တော့ဘူး ဆိုတဲ့ သတင်းကို တော်တော်လေး အသားပေးရေးနေ တယ်၊ ဒီအချိန်မှာ သူ နားပစ်လိုက်တာ မသင့်သေးဘူး ထင်တာပဲ"

ကိုကျော်စိန်သည် ခေါင်းတညိတ်ညိတ် လုပ်နေလေသည်။ သူကတော့ သဘင့်ရုပ်စုံရော၊ မဇေဒါသတင်းကိုရော တမင်မကြား ရက်၍ အဆက်ဖြတ်ထားသည်မှာ ကြာခဲ့ပြီဖြစ်၏။

"မနေ့ကပဲ သူ့အိမ်သွားခဲ့သေးတယ်၊ သူ့အမေကလည်း တိုက်တွန်းတာပဲ၊

ခက်တာက သူက မက,ချင်နေတာ”

ကိုကျော်စိန်သည် ကိုသာလှကို ငေးကြည့်နေ၏။ မဖေဒါ မက,ချင်တော့သည့်အဖြစ်ကို ကိုကျော်စိန် ရိပ်စားမိသော်လည်း ကိုသာလှက ရိပ်မိမည် မထင်ပေ။

“မဖေဒါကို ပြန်ကဖို့ တိုက်တွန်းတဲ့အထဲတော့ ကျွန်တော် မပါချင်ဘူးဗျာ၊ သူက,တာ မကြည့်ချင်လို့တော့ မဟုတ်ဘူး ကျွန်တော် မကြည့်ရက်လို့ပဲ”

ဦးသာလှက သူ့ကို မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်ပြန်သည်။

“အေးပေါ့လေ ကျုပ်အဖို့ကတော့ ကြိုးစားတိုက်တွန်းရမှာ ပဲ။ ကျုပ်အဖို့လည်း ကောင်း၊ သူ့အဖို့လည်း ပရိသတ်က မဖေဒါဟာ အသည်းကျော်ဖြစ်နေတာကိုး။ ထပ်ပြီး စဉ်းစားပါဦးကွယ်လို့ အချိန် ပေးခဲ့တယ်။ ဒါနဲ့ မဖေဒါကိစ္စကတော့ဒါပဲ။ ဆရာ့အမေက မှာလိုက်တယ်။ အခုအောက်တိုဘာ ကျောင်းပိတ်ရက် ခဏပြန်ခဲ့ပါဦးတဲ့။ ကိစ္စရှိလို့တဲ့။ ဒီစကားပြောဖို့လာတာ ဒီစကားမရောက်ဘူး”

“ကျွန်တော်လည်း မေမေ့ကို ခဏတွေ့ဖို့တော့ ပြန်ဦးမလို့ပဲ၊ မဖေဒါကို ပရိသတ် ဘာလို့ဒီလောက်စွဲလည်း ဦးသာလှ၊ အငြိမ့် မင်းသမီးထဲမှာ သူ့ထက်ချောတာတွေ ပြည့်လို့’

ကိုကျော်စိန်သည် အထူးအဆန်း ထိုမေးခွန်းကို မေးလိုက်၏။ ဦးသာလှကမူ ခပ်အေးအေး အမူအရာနှင့် ဖြေ၏။

“မဖေဒါက မာန မရှိလို့ပဲ။ အနုပညာသမားတွေဟာ နာမည်ကြီးလာရင် များသောအားဖြင့် မာနတက်တတ်တယ်၊ တို့ကို မှီပြီး အငြိမ့်ထောင်သူတွေ၊ ဇာတ်ပိုင်ရှင်တွေ ချမ်းသာရတာဆိုပြီး ကိုယ်ပိုင်တဲ့အပိုင်းကနေ အကြပ်ကိုင်ချင်ကြတယ်။ မဖေဒါမှာ အဲဒီ စိတ်မရှိဘူး'

ကိုကျော်စိန်သည် လေးလေးစားစား နားထောင်၏။ “သူ့ပညာကို တန်ဖိုးထားတဲ့အနေနဲ့ အလုပ်အပေါ်မှာလည်း ကတိတည်တယ်၊ တခြားမင်းသမီးတွေ ကျုပ် ထိန်းလာခဲ့တာ ပဲ၊ ငွေများများ ပိုရရင် ပထမကတိကို ဖျက်သွားတာတို့၊ ငါ့ကို အောက်ကြို့ရမယ်ဆိုပြီး က,ခါနီးမှ ဖင်နာခေါင်းကိုက် တမင်လုပ် တဲ့လူတွေ ရှိတယ်။ သူတို့ရောဂါတကယ်ဖြစ်လို့ ဆိုရင်တော့ ဓွတ်က, ခိုင်းတဲ့ ကျုပ်တို့ရဲ့အဆိုးပေါ့၊ ကျုပ်သဘောကတော့ အနုပညာ လောကမှာ ငွေရှင်နဲ့ အနုပညာသမားတွေဟာ ကျွန်းကိုင်းမှီ ကိုင်း ကျွန်းမှီပဲ၊ ငွေရှင်ကလည်း ငါက ငွေရှင်ဆိုပြီး အတင်းမလွှမ်းမိုး စေချင်ဘူး၊ အနုပညာသမားတွေကလည်း ငါက

ပညာရှင်ဆိုပြီး ပညာဂုဏ် မမောက်စေချင်ဘူး၊ နှစ်ဖက်စလုံးမှာ စောင့်သိသင့်တဲ့ သစ္စာတရားဟာ ရှိတာပဲ၊ တစ်ယောက်ယောက်က ဖောက်ရင် ဖောက်တဲ့လူ ကျတာပဲ”

“မဗေဒါမှာက စေတနာဆိုတာလေး အမြဲပါတယ်၊ စေတနာဆိုတာလေး ပါနေသရွေ့တော့ အနုပညာသမားဟာ ဘယ် တော့မှ မကျဘူးလို့ ကျုပ်ထင်တယ်၊ မဗေဒါဟာ အိုမင်းမစွမ်းလို့ နားချင်နားမယ်။ ကျသွားတဲ့အဖြစ်တော့ မရှိဘူး၊ ဘာလို့လဲဆိုတော့ ခုနပြောတဲ့ “စေတနာ”ဆိုတာအပြင် သူဟာ ငါမတတ်သေးဘူး ဆို တဲ့အနေနဲ့ သူ့ပညာကို ရပ်မထားဘူး၊ အမြဲလေ့လာတယ်၊ ဆရာ အမြဲရှာတယ်၊ မိုးရာသီနားချိန်ဆို မန္တလေးတက်လာပြီး ဒေါ်ဩဘာသောင်းတို့၊ ဒေါ်လှကလေးစိန်တို့လို ဇာတ်မင်းသမီးကြီးတွေ၊ အငြိမ့် မင်းသမီးလက်ဟောင်းကြီးတွေဆီမှာ ပညာထပ်ပြီး လေ့လာတယ်”

စိတ်ရှည်လက်ရှည်နှင့် ဦးသာလှ ရှင်းပြသည်ကို ဆရာ ကျော်စိန်သည် စူးစိုက်နားထောင်မိ၏။ သူ့စိတ်ထဲတွင် မဗေဒါကို တွေ့ချင်လာပြန်သည်။

“ကျုပ်ကလည်း မဗေဒါ များများ မဟုတ်ဘူး၊ နောက်ထပ် သုံးနှစ်ပါပဲဗျာ၊ ထပ်စာချုပ်စေချင်တာ၊ သူ့အသက်က အစိတ် တောင် မပြည့်သေးဘူး” ကိုကျော်စိန်သည် ခေါင်းညိတ်နေလိုက်တော့သည်။

※※※

အောက်တိုဘာ ကျောင်းပိတ်ခါနီးတွင် မဖေဒါတို့ အိမ်သို့ ကိုကျော်စိန် ရောက်လာ၏။ ခြံဝကတည်းကပင် သင်းပျံ့သော စပယ်ရနံ့ကို သူ ရှူရှိုက်မိ၏။

တစ်ခြံလုံးကိုပင် မြရွက်များပေါ်၌ ငွေဖြူပွင့်များသည် ဖွေးဖွေးလှုပ်နေကြလေသည်။ မိုးနှောင်းလာသော်လည်း စပယ်များ မှာ ဆယ့်နှစ်ရာသီ စပယ်ဖြစ်၍ ပွင့်နေကြဆဲ ဖြစ်လေသည်။ မဖေဒါသည် သူ့ကို အိမ်ဝမှ ပြုံး၍ပင် ဆီးကြို၏။ မဖေဒါ အပါးကပ်ရသည်မှာ စိတ်ကြည်နူးစရာကောင်းလှပေသည်။ သူ့ပါး ပေါ်တွင် သနပ်ခါးရေကြဲလူးထားသည်မှာ ဇာပဝါအစင်းပါးလေး ကို မျက်နှာပေါ်အုပ်ထားသလိုပင် တွေ့ရ၏။ ပဝါပါးကလေးကို အသာဖယ်ကာ မဖေဒါ၏ ကျိုးတိုးကြဲတဲ ပေါ်နေသော ပါးပြင်ဝင်း ဝင်းလေးကို တို့ထိချင်စရာလို ဖြစ်နေသည်။ သူ့ခေါင်းရှိ စံပယ်က လည်း သနပ်ခါးရနံ့နှင့် ပြွမ်းကာ ကိုကျော်စိန် စိတ်ကို အေးမြစေသည်။

“မဖေဒါ အမေကော”

မဖေဒါ ပေးသောနေရာတွင် ဝင်ထိုင်ရင်း ကိုကျော်စိန်က စကားစ၏။

“အမေ ဈေးသွားတယ်”

မဖေဒါသည် သူ့ရှေ့မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်၏။ မဖေဒါမှာ ပွဲက,စဉ်ကလောက် ဖျတ်လတ်သော အမူအ ရာမရှိပေ။ မဖေဒါနောက်ဘက် ပြတင်းမှ ကောင်းကင်ပြင်ကို သစ်ပင်များထိပ်တွင် မြင်ရ၏။ အိမ်လေးမှာ ခြေတံရှည်ဖြစ်၍ လေကောင်းစွာရရုံမက သစ်ပင်ငယ်များကို မိုး၍ နေလေသည်။ ကိုကျော်စိန်သည် ဟိုကြည့်ဒီကြည့်နှင့် ချက်ချင်းစကား စ,၍မရပေ။ မဖေဒါကလည်း စကားပြောရန်အတွက် ပေါ့ပေါ့ပါးပါး မရှိသလို ဖြစ်လေသည်။ သူ့ကို မြင်ရသည့်အတွက် မဖေဒါ၏ နောက်ကြောင်း များသည် မဖေဒါအတွက် အသစ်ပြန်၍ ဖြစ်ရပြန်သည်။

“ကျွန်တော် မဖေဒါကို တွေ့ချင်နေပါတယ်၊ ဒါပေမယ့် ကျွန်တော်က မတွေ့ရဲလို့”

သူ စိုးရိမ် ကြောက်ရွံ့နေသော စိတ်ကို ပထမဆုံး ဖွင့်ပြော လိုက်၏။ မဖေဒါကမူ ခပ်အေးအေးပင် ပြုံးကာ သူ့ကို ကြည့်နေ လေသည်။

“ကျွန်တော်လည်း ကိုစောထွန်း လက်ထပ်တယ် ကြားကတည်းက မန္တလေးမပြန်တာ နှစ်နှစ်လောက်ရှိသွားပြီ။ ခု အောက်တို ဘာမှာ မေမေက တွေ့ချင်တယ်ဆိုလို့ ကျွန်တော် ခဏ ပြန်မယ်။ မဖေဒါ ဘာမှာချင်သေးသလဲ”

"ရှင်" မဖေဒါသည် အထူးအဆန်း မျက်နှာပေးဟန်နှင့် မေးပြီးမှ-

"ဘယ်သူ့ကို ဘာအကြောင်းကြောင့် ကျွန်မ ဘာကို မှာရ မှာလဲ"

မဖေဒါက ခပ်ကြောင်ကြောင်ပင် မေးလိုက်၏။

"ခွင့်လွှတ်ပါ မဖေဒါ၊ ကျွန်တော်ဟာ ကာယကံရှင်တွေလို ပဲ စိတ်ထိခိုက်နေတယ်ဆိုတာ မဖေဒါ သိစေချင်တယ်။ ဒါကြောင့် လည်း မဖေဒါကို ကျွန်တော်မျက်နှာမပြရဲတာ ကျောင်းမှာအတူနေ ကြစဉ်ကတည်းက ကိုစောထွန်း စိတ်ခတ်ကို ကျွန်တော်ယုံကြည်လို့ မဖေဒါနဲ့ ဆက်သွယ်ပေးမိတာပါ။ ခုလို ဖြစ်သွားရတော့ ကျွန်တော့် မျက်နှာလည်း ပူတယ်။ ကျွန်တော် ကိုယ့်ကိုလည်း ကျွန်တော် ခွင့်မ လွှတ်နိုင်ဘူး"

"ဒီလိုလဲ ဘယ်ဟုတ်မလဲ ဆရာရယ်၊ မဖေဒါအကြောင်းနဲ့ မဖေဒါပါ၊ ဆရာက ဘယ်လိုပဲ ဆက်သွယ်ပေးပေး၊ သူ့အချစ်ကို မဖေဒါလက်ခံမှဖြစ်မှာ၊ မဖေဒါဖြစ်ရတဲ့အကြောင်းအတွက် ဘယ်သူ့ ကိုမှ အပြစ်မတင်ချင်ပါဘူး"

"မဖေဒါ စိတ်ထဲမှာ ဒီအကြောင်းကို မေ့ပျောက်လို့ မရနိုင်သေးသရွေ့ ကျွန်တော်လည်း စိတ်မချမ်းမြေ့ဘူးပေါ့"

"ကျွန်မ စိတ်ထဲမှာ ထိခိုက်နေသေးတယ်လို့ ဆရာ ဘယ်နဲ့လုပ်သိလဲ"

"မဖေဒါ မက,တော့ဘူးဆို၊ အင်မတန် မြတ်နိုးတဲ့ပညာလည်း ဖြစ်တယ်၊ ကိုယ့် နာမည်တက်နေတဲ့ အချိန်လည်း ဖြစ်တယ်၊ ငွေရေးကြေးရေးအနေနဲ့လည်း ဝင်ငွေအကောင်းဆုံး၊ အရွယ်ကလည်း ငယ်သေးချိန်မှာ ရပ်ပစ်လိုက်တယ်ဆိုတော့ မဖေဒါမှာ စိတ် ထိခိုက်နေလို့ပေါ့"

မဖေဒါသည် ခေါင်းကို ညင်သာစွာ ခါလိုက်၏။

"အငြိမ့်သမတစ်ယောက် လုပ်နေပြီး စိတ်ထိခိုက်တာနဲ့ မက,နိုင်ရင်တော့ အဲဒီမိန်းမ ကချေသည် မပီသသေးဘူးဘဲ။ ဆရာ သိလား မသိလားတော့ မသိဘူး၊ ကျွန်မ စိတ်အထိခိုက်ဆုံး အချိန်ဟာ သူလက်ထပ်ချိန်ပဲ။ သူ့ ရဲ့ လက်ထပ်တဲ့ည မင်္ဂလာပွဲမှာ ကျွန်မ ကိုယ်တိုင် သွားက,ခဲ့ရတယ် ဆရာ"

မဖေဒါသည် စကားပြောရပ်၍ နှုတ်ခမ်းကို ကိုက်ထား၏။ ကိုကျော်စိန်ကမူ ရုတ်တရက် ဆတ်ခနဲလိုပင် ကိုယ်ကိုမတ်လိုက်သည်။ ထိုအဖြစ်ကို သူ မသိလိုက်ပေ။

"မဖေဒါကို ဒီကောင် ကခိုင်းတယ်"

ကိုကျော်စိန်သည် မျက်နှာပျက်သွားကာ လက်များ တုန်လာ၏။

"ဟုတ်တယ်၊ အဲဒီညတုန်းက ကျွန်မ အနှုးညံ့ အညင်သာဆုံး က,ပြခဲ့ပါတယ်၊ ကျွန်မ အငြိမ့်သမပီသပါတယ်။ အခု မက,ချင်တာက သူဘယ်လိုပဲ မဖေဒါကို စွန့်ပစ်ထားပေမယ့် သူ့စကားကို မဖေဒါ နားထောင်တယ်ဆိုတာကို ပြချင်လို့ပဲ။ မဖေဒါ အိမ်အခြေအနေကြောင့် နောက်ထပ် စာချုပ်သုံးနှစ် ချုပ်ခဲ့ရတယ်။ ဒီစာချုပ်စေ့ရင် နောက်ထပ် မက,ပါနဲ့လို့ သူကပြောခဲ့တယ်။ မီးရောင်အောက်မှာ လူပြက်ကြီးတွေနဲ့ တွဲနေတာကို နောက်သုံးနှစ်မှာ မောင်မကြည့်ပါရစေနဲ့တော့ဆိုလို့ စာထဲမှာ ကျွန်မ ကတိပေးခဲ့တယ်။ ဒီသုံးနှစ်လည်း စေ့ပြီ၊ ခုလည်း စပယ်က လှိုင်လှိုင်ပွင့်ချိန် တစ်နေ့ တစ်ဆယ် လောက်ရတယ်။ တခြားဟင်းသီးဟင်းရွက်လည်း ကျွန်မတို့ ခြံနောက်မှာ စိုက်သေးတယ်။ သားအမိနှစ်ယောက် စားလောက်ပါပြီ။ ဒါကြောင့် ကျွန်မ မက,တော့ဘူး။ သူနဲ့တွေ့ရင် ဒါတစ်ခုပဲ ပြောလိုက်ပါ၊ ကျန်တာတွေကတော့ ဘာမှ ပြောမနေပါနဲ့တော့"

မဖေဒါသည် နေရာမှ ထသွား၏။ ကိုကျော်စိန်က ဒေါသ အရှိန်မပြေသေးပေ။ ပြတင်းမှာ သွားရပ်နေမိ၏။ ရေခိုးရေငွေ့ ပေါ့လာပြီဖြစ်သော တိမ်လိပ်များသည် အညိုရောင် လျှော့ပါးသွားကာ ဖြူဆွတ်ဆွတ် ဂွမ်းလိပ်ကြီးလို လွင့်ပျံသွားကြသည်။ ကောင်းကင်က ရှေ့လတွင်ကြည်လင်ဖြူစင်တော့မည့် အရိပ်အရောင် ပြေး နေသလောက် သူ့ရင်ထဲတွင် ဒေါသနှင့် ညိုမှောင်၍ နေလေသည်။

"မောင်ကျော်စိန် ဘယ်တုန်းကရောက်လဲ"

အမေ့အသံမှာ လေ့ကားဝမှ ထွက်ပေါ်လာ၏။ ဈေးခြင်း တောင်းလေးနှင့် အမေ့ကိုတွေ့လိုက်လျှင် ကိုကျော်စိန်သည် ကြိုးစား၍ ပြုံးပြရ၏။ မဖေဒါသည် ကော်ဖီပန်းကန်ကိုယူကာ နောက်ဘက်ခန်းမှ ထွက်လာသည်။ အမေနှင့်ဆက်လက်၍ ဟန်လုပ်စကား ပြောနေရသော်လည်း ကိုကျော်စိန်၏ စိတ်ထဲမှ လှုပ်ရှားမှုမှာ ရပ်တည်၍မရပေ။

သူပြန်ချိန်တွင် မဖေဒါသည် ခြံဝထိလိုက်ပို့၏။ မဖေဒါ နှလုံးသားများသည်လည်း ချစ်သူသတင်းကိုကြားတိုင်း ပြန်လည် လှုပ်ရှားကြသော်လည်း တည်ငြိမ်အောင် အမြဲကြိုးစားရပေမည်။

မဖေဒါယူဆချက်က ဖေဒါသည် ဖေဒါသာတည်း။ သူသည် ရေမှာမွေ့သောပန်းဖြစ်၏။ သူ့အမြစ်သည် ရေကိုပင်တွယ်သည်။ သို့ကြောင့် ရေလှုပ်ရှားသည်နှင့်အမျှ သူလည်း ရွေ့ရှားရမည်သာတည်း။ ရေမှာပျော်သော်လည်း မြေနှင့်ကင်း၍မရသော ကြာပန်းကဲသို့ တစ်နေရာထဲ တည်ငြိမ်စွာ မနေနိုင်သည့်အတွက် ကိုယ့်အဖြစ် ကိုယ် ဝမ်းနည်းဖို့မသင့်ပေ။

အခြေမဲ့သောပန်းဟူ၍ လူတကာ နှိမ့်ချစွန့်ပစ်၍လည်း ဇေဒါပန်းက အစဉ်ငိုနေရမည်လော။

လှေငယ်ရှင်က တက်နှင့်ရိုက်ချင်လည်းရိုက်မည်။ ကလေး များက အပျော်ဆော့ရန် သဘောထားနှင့် ချိုးဖဲ့ယူချင်လည်း ယူပေမည်။

သို့သော် အနောက်လေရဲများ ပြင်းထန်စွာ တိုက်ခတ်၍ မိုးရိုန် လေရိုန်ပြင်းသော မုန်တိုင်းထန်စဉ်ကပင် ဇေဒါပန်းတို့သည် အုံဖွဲ့၍ ချောင်းငယ်မြောင်းငယ်ထဲတွင် ခိုဝင်နားနေခဲ့သည် မဟုတ် ပါလော။ ဇေဒါသည် အခြေမဲ့သော်လည်း သူ့မှာလည်း အားနှင့်ပင်တည်း။ နွေဦးပေါက် တပျော်တပါး ဇေဒါပင်တို့ အုံဖွဲ့စုစည်း၍ မြစ် ကိုစုန်လာသောအခါ လှေလည်းတိုးမရ၊ သမ္ဗန်လည်း တိုးမပေါက်၊ သင်္ဘောပင် ဒုက္ခရောက်ခဲ့ရသည်။

ကြာပန်းမဖြစ်နိုင်သော်ကောဟု တွေးတောပူပန်နေမည်ထက် ဇေဒါဘဝတွင်ပင် ဘယ်လို ကြံ့ကြံ့ခံရမည်နည်းဟု လမ်းစရှာ ခြင်းက မဇေဒါအတွက် သက်သာရာလမ်းပင် ဖြစ်၏။

ထို့ကြောင့် မဇေဒါက အကပညာကို စိတ်ပျက်လက်လျှော့၍ သူစွန့်လွှတ်ခြင်း မဟုတ်ပေ။ ချစ်သူကိုပေးခဲ့သော ကတိကို လေးစားခြင်းသာ ဖြစ်၏။ မက,သည်ဖြစ်စေ၊ က,သည်ဖြစ်စေ မဇေဒါသည် သူ့ဘဝတည်ငြိမ်မှု ရရန်အတွက်ကိုမူ သူ အစဉ်ကြိုး စားရပေမည်သာတည်း။

※※※

မန္တလေးသည် သီတင်းကျွတ်အပြီးတွင် အေးရမလို ပူရမလို ဖြစ်နေသည်။ မိုးရာသီ၏ နောက်ဆုံးလသည် မန္တလေးအတွက် ပူပြင်းလှလေသည်။ မိုးများရွာသွန်းချိန်သာ ခဏမျှအေးသလို ရှိလေသည်။ တန်ဆောင်မုန်းလသို့ရောက်လျှင် ဆောင်းသို့ကူးပြောင်း ပေတော့မည်။ ထိုအခါတွင် မန္တလေးသည် ဆောင်းရိပ်အောက်ဝယ် အေးရပေဦးမည်။

ကိုကျော်စိန်အတွက်လည်း အေးရမလို ပူရမလိုပင်။ မေမေက လက်ထပ်စေချင်၍ တွေ့လိုခြင်း ဖြစ်ပေသည်။ သူသည် မေမေ့ကို ဘာမှပြတ်သားစွာ အဖြေမပေးပေ။ ပြန်ခါနီးတွင် ကို စောထွန်းကို သွား၍ တွေ့၏။

ဝန်ထောက်မင်းကိုစောထွန်းသည် အစိုးရအိမ်တွင် မနေ၊ သူဌေးသမက်ဖြစ်၍ ခင်မမအိမ်တွင် နေသည်။ ခင်မမအိမ်သည် အစိုးရသံတဲနှင့် တစ်တန်းတည်းဖြစ်၍ နန်းတော်မြို့ရိုးအရှေ့ဘက်ရှိ ကျုံးကို မျက်နှာပြုနေလေသည်။ ကိုကျော်စိန်သွားချိန်သည် ညဦး ဖြစ်သည်။ တိုက်ခံ့ဆင်ဝင်နှင့် နှစ်ထပ်အိမ်ကြီးရှေ့တွင် သူ့ကားထိုး ရပ်လိုက်လျှင် ဆင်ဝင်အောက်ရှိ မီးပွင့်နှင့်အတူ အိမ်ရှေ့သံဆွဲတံခါး သည် ပွင့်လာသည်။ ခပ်ရွယ်ရွယ်ယောကျ်ားလေးတစ်ယောက် သူ့ကိုလာ၍ကြို၏။

"ဘယ်သူ့ကို တွေ့ချင်လို့ပါလဲခင်ဗျာ"

"ကိုစောထွန်း"

"အထဲကိုကြွပါ၊ ဆရာရှိပါတယ်"

သူငယ်လေးနောက်သို့ ကိုကျော်စိန်လိုက်သွား၏။ ဧည့်ခန်း ကို သူ့ကိုခေါ်သွားခြင်း မဟုတ်ပေ။

"ဆရာက မှာထားလို့၊ ညကျရင်သူငယ်ချင်းတစ်ယောက် လာလိမ့်မယ်။ သူရှိတဲ့အခန်းကို တစ်ခါတည်းခေါ်လာဖို့ မှာထား တယ်"

သူငယ်လေးက စကားပြောရင်း သူ့ကိုဧည့်ခန်းဘေးက အခန်းတစ်ခုသို့ ခေါ်သွား၏။ သူသည် အခန်းထဲသို့မဝင်နိုင်။ ခြေ လှမ်းပင် မလှမ်းရဲသလို တန့်နေလေသည်။

အခန်းထဲတွင် ၂နှစ်ကျော် ကလေးမတစ်ယောက် ကြမ်းပေါ်တွင်ထိုင်နေလေသည်။ ကလေးငယ်ဘေးတွင် အထိန်းနှင့်တူသူ မိန်းမပျိုလေးတစ်ယောက်ကို တွေ့ရ၏။ ခပ်လှမ်းလှမ်းတွင်မူ ကို စောထွန်းကို တွေ့ရသည်။ ကိုစောထွန်းသည် သူ့ကို မတွေ့ပေ။

“မီးရောင်အောက်ကို ဝင်ရင်

လူပြက်တွေနဲ့တွဲတော့

ဟောဒီ မောင့်သဘောက မကြည်မလင်

ဩော်. . . မြရင် . . မြရင်. . မြရင် ဩော်. . ဟော်

ဩော် . . မြရင်.. မြရင်. . မြရင်”

အသံကုန်ဟစ်ကာ ရင်ဘတ်ကို လက်နှင့်ပုတ်ပြပြီး ကိုစောထွန်းသည် ကွေးနေအောင် ကနေတော့သည်။ ကလေးသည် ပထမ လက်ခုပ်တီးနေရာမှ ကိုစောထွန်း၏ နောက်တစ်ခါ ‘ဩော်’ဟူ၍ အသံကုန်အော်ဟစ်သည်ကို လန့်သွားဟန်တူသည်။ အနားရှိ မိန်းမပျိုအား တက်ဖက်လိုက်ရင်း ဝါးခနဲ ငိုတော့သည်။

“ဟော. . သမီးလေး လန့်သွားပြီထင်တယ်”

သူသည် သမီးလေးထံပြေးလာပြီး ချော့ရင်းမှ “ကဲ. . . မပန်း အပေါ် ခေါ်သွားတော့။ ငါ့သမီးလေး လန့် သွားပြီ၊ ခေါ်သွား ခေါ်သွား”

ကလေးကိုချော့ယူနမ်း၍ အထလိုက်တွင် ကိုကျော်စိန်ကို သူမြင်လိုက်၏။

“ဟာ. . ကိုကျော်စိန်၊ လာဗျို့ လာ လာ”

သူသည် အပြေးအလွှားပင် ကိုကျော်စိန်အပါးသို့ ကပ်လာကာ လက်မောင်းနှစ်ဖက်ကို ဆွဲကိုင်လှုပ်လိုက်၏။ သမီးငယ်နှင့် ကလေးထိန်းမှာ အပြင်သို့ ထွက်သွားတော့သည်။

ကိုကျော်စိန်အား သူသည် အခန်းအပြင်ဝရန်တာရှိရာသို့ ခေါ်သွားသည်။ အပြင်တွင် ကုလားထိုင် သုံးလေးလုံး ခင်းထား၏။ “ကဲ. . . ဒီမှာထိုင်၊ ဖိုးငွေရေ သောက်စရာအစုံယူခဲ့ဟေ့၊ ရေခဲလည်း ယူခဲ့ဦး”

ကိုကျော်စိန်ကမူ သူ့ကို စေ့စေ့သာကြည့်နေသည်။ သူ့အပါးသို့ ကပ်၍စကားပြောလိုက်တိုင်း အရက်နံ့မှာ တထောင်းထောင်း ထနေလေသည်။ သို့သော် ဆံပင်များပွနေသည်ကလွဲ၍ အရက်မူးဟန် သူ့တွင်မရှိပေ။

“ကဲ ကိုကျော်စိန် ဘာသောက်မလဲ”

“ကျွန်တော် ဘာမှ မသောက်ဘူး”

“ခင်ဗျားကလဲဗျာ၊ တစ်ခုခုသောက်ပါ။ အရက်မသောက် ချင်ရင်တောင် လိမ္မော်ရည်သောက်”

သူသည် ကိုကျော်စိန်ဘေးကုလားထိုင်တွင် ကပ်၍ ထိုင်၏

“နေ့ခင်းက ခင်ဗျားလာမယ်လို့ ရုံးကို တယ်လီဖုန်းဆက် ကတည်းက ကျွန်တော်ဝမ်းသာနေတယ်။ ကျွန်တော်သိပ်တွေ့ချင် နေတာပဲ”

ကိုကျော်စိန်သည် စကားတစ်လုံးမှ မပြောသေးပေ။ “ခင်ဗျားကို အရက်သောက်ရင်း စောင့်နေတာ၊ သမီးလေး က က,ပါဆိုလို့ က,ပြနေရတယ်။ ကျွန်တော့်သမီးလေးကို ကျွန်တော် သိပ်ချစ်တာပဲ”

ကိုကျော်စိန်က ရယ်လိုက်၏။ သူသည် ကိုကျော်စိန်ကို စူးစူးစိုက်စိုက် ကြည့်လိုက်၏။

“ခင်ဗျား ဒီလိုရယ်နည်းမျိုး ကျောင်းဝရန်တာမှာ တစ်ခါ ရယ်ဖူးတယ်လေ၊ မဗေဒါအငြိမ့်ကို ကြည့်ပြီးအပြန်မှာ”

ကိုကျော်စိန်သည် ထိုမျှအသေးစိတ် သတိရနေသေးသော ကိုစောထွန်းကို အံ့သြသွား၏။

“ခင်ဗျား မဗေဒါကို သတိရသေးတယ်နော်”

“ရသမှ အလွန်ရတာပေါ့ ကိုကျော်စိန်ရယ်၊ ကျွန်တော့် သမီးလေးကို ကျွန်တော် က,ပြတာတောင် သူဆိုတဲ့သီချင်းလေးနဲ့ အမြဲက,ပြတယ်”

“ကျွန်တော်ကတော့ ခင်ဗျားကို စိတ်နာလွန်းလို့ ခင်ဗျား သတင်းလည်း နားမထောင်ဘူး၊ မန္တလေးမှာ ခင်ဗျားရှိတယ်ပြောလို့ ကျောင်းပိတ်ပြန်မလာတာ ၂နှစ်တောင်ရှိနေပြီ”

သူသည် ကိုကျော်စိန့်မျက်နှာကို စေ့စေ့ကြည့်ရင်း ခေါင်း တညိတ်ညိတ် လုပ်နေ၏။ ရှေ့စားပွဲတွင် သူငယ်လေးရောစပ်၍ လာချထားသော အရက်ခွက်ကို ရေသောက်သလို ဂျိုက်ဂျိုက်နှင့် သောက်ချလိုက်၏။

“သောက်ပုံကလဲ ရမ်းလိုက်တာဗျာ”

“ဘယ်လိုသောက်သောက် မူးမှမမူးဘဲ။ ကျွန်တော်က မေ့ သွားအောင်ကို မူးချင်တယ်။ ဒါပေမယ့် တစ်ခါတစ်ခါ ဆိုးချင်ရင် ရေသောက်ပြီး ကျုပ်က မူးပြတာ”

ကိုကျော်စိန်က ရယ်ပြန်သည်။

"အပတ်ပြောတာကိုကျော်စိန်၊ ကျွန်တော့်မှာ ဘာမှုမှမရှိတော့ဘူး၊ ပျော့ညံ့ညံ့သတ္တိကြောင်တဲ့ အကောင်တွေ ပြောနည်းမျိုး အသည်းနှလုံးကို အရက်နဲ့စိမ်ထားတယ်တို့၊ ဘာတို့ပြောသလိုပေါ့ ဗျာ၊ ကျုပ်လည်း စိမ်ထားတာပဲ"

"ခင်ဗျားတို့ဟာက ကိုယ်ဇိမ်ကျမယ်ထင်တာ လုပ်လုပ်ပြီး မဟုတ်တာတွေအကြောင်း လျှောက်လျှောက်ပြတာကတော့ မဟုတ် သေးဘူး။ ယုတ္တိလေးဘာလေးရှိအောင် လုပ်ကြဦး၊ အဲဒါမျိုးတော့ ကျွန်တော် သိပ်စိတ်ပျက်တာပဲ"

ဒီတစ်ခါတွင်မူ သူသည် ဟက်ဟက်ပက်ပက်ရယ်၏။

"ဟုတ်သမှ အလွန်ဟုတ်၊ ခင်ဗျားပြောတာ အကုန်မှန် တယ်ဗျာ၊ ရှေ့လျှောက်ပြီးကျုပ်အကြောင်း ခင်ဗျားသိရင် ဒါထက် စိတ်ပျက်ဦးမယ်။ ကဲ... လိမ္မော်ရည်လေးသောက်ပါဦး၊ စကားတွေ အများကြီးပြောချင်တယ်၊ မူးပြီး အလကားဟာတွေ ပြောနေတယ် မထင်နဲ့နော်"

"ခင်ဗျားမမူးဘူးဆိုတာ ကျွန်တော်သိသားပဲ၊ ခင်ဗျားကို ပထမ စိတ်ပျက်နေတာထက် ဒုတိယ ခင်ဗျားလက်ထပ်ပွဲ မဖေဒါကို က,ခိုင်းတာ သိပ်စိတ်ဆိုးတယ်ဗျာ"

"စိတ်ဆိုးရုံပဲလား သူငယ်ချင်း၊ သတ်မပစ်ချင်ဘူးလား" "ခုတောင် သတ်ချင်သေးတယ်၊ ခင်ဗျားတို့ဟာက ဥပဒေတွေဘာတွေ ပြဋ္ဌာန်းတော့မထားပါဘူး၊ ဒါပေမယ့် လူလူချင်း ထားအပ်တဲ့ ငဲ့ညှာမှုဆိုတာလေးတော့ ရှိသင့်သေးတာပေါ့ဗျာ။ ဘယ့်နှယ့် ခင်မမရဲ့ အသိုင်းအဝိုင်း၊ ခင်ဗျားရဲ့ အသိုင်းအဝိုင်းကို မဖေဒါ မနိုင်ပါဘူးတဲ့၊ ထားပါတော့၊ ခင်ဗျားတို့မှာ အရေးပိုင်ကြီးသား၊ ဝန်ထောက်ကြီးဆိုတဲ့ အာဏာတွေ၊ ငွေတွေ၊ ဂုဏ်တွေ အပြည့်အသိပ် ရှိပါတယ်။ ဟိုမှာက အငြိမ့်သမရယ်၊ သူ့အနုပညာနဲ့ အသက်မွေးနေရတာ၊ ခင်ဗျားတို့က ငွေချင်းဂုဏ်ချင်းဖလှယ်ပြီး မဖေဒါအချစ်ကို လွှတ်ပစ်လိုက်တယ် ဆိုပါတော့၊ ဒီအထိ ကျွန်တော် ခွင့်လွှတ်နိုင်သေးတယ်၊ ခုတော့ ခင်ဗျားတို့ကို အရှုံးပေးပြီး လက်မြှောက်နောက် ဆုတ်နေပါတယ်ဆိုတဲ့ အနုပညာသည်တစ်ယောက်၊ မိန်းမသားတစ်ယောက်ကို ခင်ဗျားတို့ရဲ့ လက်ထပ်ပွဲမှာ တစ်ခါ က,ခိုင်းသေးတယ် ဆိုတာကတော့ သက်သက်စော်ကားတာ"

"ဟား. ဟား.. ဟား.. ဟား. ၊ကောင်းလိုက်တဲ့ စကား လုံးတွေ သူငယ်ချင်းရယ်"

ကိုကျော်စိန်သည် အနှစ်နှစ်အလလက မျိုသိပ်ထားရသမျှ စကားလုံးများကို ပြောချရင်း အသားများတုန်နေသည်။ ကိုစောထွန်းကတော့ ရယ်မောနေရင်းမှ

မျက်ရည်များတွေတွေ စီးကျနေ တော့သည်။ လက်ထဲမှ အရက်ခွက်ကို စားပွဲပေါ်တွင်အသာချရင်း သူ့မျက်ရည်များကို လက်ကိုင်ပဝါနှင့် သုတ်လိုက်၏။ အသက်ကို မောမောပန်းပန်း ရှုလိုက်ပြန်သည်။

"ကျွန်တော့်အပြုအမူတွေဟာ တော်တော်ဆိုးဝါးခဲ့တယ် ကိုကျော်စိန်၊ ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော် သိပ်လည်း ရှက်တာပဲ။ ခုတော့ ကျွန်တော်ဟာ ကျွန်တော့်ကိုယ်ကျွန်တော် အလကားကောင်ကြီးလို့ ထင်နေတယ်"

သူသည် စိတ်ပါလက်ပါပြောလျှင် စကားလုံးမှာ 'ကျုပ်' ဖြစ်သွားကာ စိတ်ကျသွားလျှင် ကျွန်တော် ဖြစ်သွားပြန်သည်။

"ကျွန်တော်ပြန်တွေးမိတိုင်း ရှက်တယ်။ ဘီစီအက်စ် အောင် စ,က ဖေဖေက သူ အလုပ်သင်ဝန်ထောက် ဘဝက အရေးပိုင်ကြီး ဖြစ်လာတဲ့ဘဝကို ပြောပြခဲ့တယ်။ ဒီတုန်းက ကျုပ်က ဖေဖေ့ကို ခပ်တည်တည် ပြောခဲ့တာပေါ့ဗျာ။ ကျုပ်က ရေစီးကိုအသာမျော လိုက်ချင်တဲ့အကောင် မဟုတ်ဘူးလို့၊ ဟဲ.. ဟဲ.."

သူ့ဟာသူ ရယ်ပြီးမှ ဆက်ပြော၏။

"ဖေဖေတို့လို မိဘကခင်းထားတဲ့ ပန်းမွေ့ယာ ရွှေကော်ဇောမှာ အသင့်ဝင်ထိုင်ချင်တဲ့ အကောင်မဟုတ်ဘူး။ အရသာရှိတယ်မထင်ဘူး။ ကျုပ်က ရေဆန်လေဆန်ကိုမှ လှော်ချင်တယ်လို့ လက်မ ထောင်ပြီး ပြောခဲ့တာပေါ့၊ မဟုတ်ဘူးလားဗျာ၊ ကျုပ်တို့ဘဝက တခြားဘီအေတွေလို အလုပ်လက်မဲ့ ပြဿနာတို့ဘာတို့ တွေးနေစရာမရှိဘဲ ကျောင်းထွက်တယ်ဆို ငွေ၊ ရာထူး၊ မိန်းမအဆင်သင့်၊ ဖေဖေ့တုန်းကဆို မေမေက ငွေနဲ့ဝယ်ယူခဲ့တာပဲ၊ ကျုပ်က အဲဒီလို သမားရိုးကျဖြစ်နေတဲ့ ကျုပ်တို့ရဲ့အသိုင်းအဝိုင်း အမျိုးအစားရဲ့ သွားနေကျ လမ်းကြောင်းကြီးကို ဖြတ်တောက်ထွက်သွားမယ်ပေါ့ဗျာ၊ ဖေဖေက အဲဒီနေ့တုန်းက ရယ်လိုက်တာ၊ ဖေဖေ့ရယ်သံကို ကျွန်တော် နေ့တိုင်းကြားယောင်နေတယ်"

သူသည် အရက်တစ်ခွက် ထပ်မော့ပြန်၏။

"ဖေဖေကလေ ကျွန်တော့်ကို "ငပေါ'တဲ့၊ ကုလားထိုင် တစ်လုံးကို ပစ်ပေးလိုက်ရင် အငြိမ့်သား ဝင်ထိုင်မယ့် အကောင်တဲ့။ ဟဲ. . ဟဲ. . မှန်လိုက်လေ ကိုကျော်စိန်ရာ၊ ကျုပ်က "ငပေါ'မဖြစ်သင့် ဘူး၊ "ငပြော'ဖြစ်သင့်တယ်ဗျ၊ အပြောကြီးပဲ၊ ဟော.. ဖေဖေ စီစဉ် ပေးသလို ဝန်ထောက်ဝင်လုပ်၊ ဖေဖေခင်းပေးတဲ့ ရွှေကော်ဇောမှာပဲ ကျုပ် ဝင်ထိုင်တာပဲ၊ ခင်မမက ကျုပ်ကို ငွေတွေ၊စိန်တွေ ဟောဒီ အခုနေတဲ့အိမ် ပေးဝယ်လိုက်တော့လည်း ကျုပ်ဟာ မဗေဒါကို ပစ်ပြီး ယူလိုက်တာပဲ။ ဘာမှလည်း ရေဆန်မလှော်ဘဲနဲ့ မစွန့်ရဲဘဲနဲ့ အပြောသာကြီးခဲ့တဲ့ ငပြောကြီးပေါ့ဗျာ၊ ဟား. . ဟား.. ဟား..."

ယခုတစ်ခါတွင်မူ ရယ်သံမှာ လှိုက်လှိုက်လှဲလှဲမရှိဘဲ သွေ့ခြောက်လွန်းလှ၏။ အရက်ဖန်ခွက်ကို ဝရန်တာသို့ ပစ်ခွဲရင်း သူ့ ကိုယ်ကို ကုလားထိုင်နောက်မှီချကာ မောနေပုံရ၏။ သူငယ်ချင်းအဖြစ်ကို အခုလိုမြင်ရတော့လည်း ကိုကျော်စိန့်ရင်ထဲတွင် စိတ် မကောင်းဖြစ်ရပြန်သည်။

"မဗေဒါ က,တဲ့ညကတော့ ကျွန်တော် ဘာကိုမှ မမြင်ရ အောင် သောက်ထားလိုက်တာ၊ ပွဲအပြီး ထမ်းထုတ်ရတာပဲ။ မနက် ရောက်တော့ ခင်မမက ပြောပြတယ်။ ဆရာဝန်ခေါ်ယူရသေးတယ် ဆိုပဲ။ မဗေဒါအကကို ကြည့်ရဲလောက်အောင်တောင် သတ္တိမရှိတော့ဘူး"

"သတ္တိသာရှိရင်လဲ အဲဒီလိုသတ္တိမျိုးရှိတဲ့လူတော့ သတ်ပစ် ဖို့ပဲ ကောင်းတော့တယ်"

ကိုကျော်စိန်က ဖြတ်ပြောလိုက်၏။

"ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီတုန်းက မဗေဒါအငြိမ့် ငှား ချင်တယ်လို့ တိုင်ပင်ကြတယ်၊ ကျုပ် တစ်လုံးမှ ဝင်မပြောခဲ့ဘူး။ ခင်မမ ရွှေစိတ်တော်ညိုမှာ စိုးလိုက်တာဗျာ၊ နောက်ပိုင်းလေ ဖေဖေ က ကျုပ်ကို ရိုးရိုးကြည့်ဦးတော့ ကျုပ်စိတ်ထဲမှာ ကျုပ်ကို လှောင် နေသလိုပဲ"

ကိုကျော်စိန်သည် လိမ္မော်ရည်ကို တစိမ့်စိမ့်သောက်ရင်း ကိုစောထွန်းစကားကို ငြိမ်၍နားထောင်နေမိ၏။ အကယ်၍ ကိုစောထွန်းနေရာတွင် သူသာဖြစ်ခဲ့လျှင်ဆိုသော အတွေးကိုလည်း တွေးနေ၏။

"အဲဒီညက ခင်မမက စိန်လက်စွပ်တစ်ကွင်း ဆုချလိုက်သတဲ့၊ နောက်နေ့မနက်မှာတော့ ကျွန်တော့်ရုံးမှာ စာတစ်စောင် ရောက်နေတယ်။ ကျွန်တော်ကခွင့်ယူထားတော့ မင်းစေလေးဟာ ညနေပိုင်းဒီစာကို ကျွန်တော့်ဆီယူလာတယ်။ စာကတော့... သူသည် နေရာမှထသွား၍ အတွင်းဘက်အခန်းတစ်ခုထဲ ဝင်သွား၏။ ပြန်လာလျှင် စာတစ်စောင် လက်ထဲတွင်ပါလာ၏။ စာကို ကိုကျော်စိန်လက်ထဲသို့ ထည့်လိုက်သည်။

"ဖတ်ကြည့်ပါ၊ မဗေဒါ ပေးခဲ့တာ" ကိုကျော်စိန်သည် စာကို ဖွင့်ဖတ်လိုက်၏။ တစ်ဦးမှတစ်ဦး သို့ ပေးသောစာမဟုတ်၊ ကဗျာတစ်ပုဒ်သာတည်း။

ညိုပြာပြာ၊ လဟာပြင်ခြေရင်း။

လှိုင်းတက်ရာ ဗေဒါတက်၊

လှိုင်းသက်ရာဆင်း။

ဆင်းရလဲ မသက်သာ။

အုန်းလက်ကြွေ ရေပေါလော၊ မျောစုံလို့လာ။

အဆင်းနှင့်အလာ ဗေဒါမ အထွေး။

အုန်းလက်ကြွေ သူ့နံဘေး၊

ဆောင့်ခဲ့ရသေး။

ဆောင့်ခဲ့လဲ မသက်သာ။

နောက်တစ်ချီ ဒီတစ်လုံးက၊ ဖုံးလိုက်ပြန်ပါ၊

မြုပ်လေပေါ့ပေါ်မလာ၊ မဗေဒါအလှ

တစ်လံကွာ လှိုင်းအကြွ၊ ပေါ်လိုက်ပြန်ရ။

ပေါ်ပြန်လဲ မသက်သာ၊

ချောင်းအဆွယ်၊ မြောင်းငယ်ထဲက

ဘဲထွက်လို့လာ၊

ဘဲအုပ်မှာ တစ်ရာ နှစ်ရာ၊

မဗေဒါက တစ်ပင်တည်း။

အယက်အကန်ခံလို့ ဗေဒါပွင့်အံ့ကိုခဲ၊

ပန်းပန်လျက်ပဲ။

ဇော်ဂျီ

ကဗျာလေးကို ဖတ်ရင်း ကိုကျော်စိန့်ရင်ထဲတွင် တလှပ်လှပ်ခုန်လာလေသည်။ အကယ်၍သာ ထိုစဉ်က မဗေဒါသည် တစ်စုံတစ်ရာအကြောင်းကို စာရေးခဲ့ပါလျှင် သူ့စိတ်ကို ဒီလောက်ထိခိုက်မည်မဟုတ်ပေ။ ကဗျာလေးတစ်ပုဒ်က ကိုစောထွန်း မင်္ဂလာဆောင်ချိန်ဝယ် သူမည်မျှခံလိုက်ရသည်ကို ကွက်တိ ဖော်ပြထား၏။ သူသည် မောလျစွာ အသက်ရှူရင်း ကိုစောထွန်းကို မော်ကြည့် လိုက်သည်။

ကိုစောထွန်းသည် ဝရန်တာအပြင်ရှိ အမှောင်ကို ငေးစိုက်နေသည်။ ပြီးမှ

သူ့ဘက်သို့လှည့်၍ ကိုစောထွန်းက စကားပြော၏။

"သူ့ကဗျာပိုဒ်ထဲမှာ ကျွန်တော်အကြိုက်ဆုံးကတော့ **"ဘဲ အုပ်မှာ တစ်ရာ နှစ်ရာ၊ ဇေဒါက တစ်ပင်တည်း၊ အယက်အကန် ခံလို့ ဇေဒါပျံ့အံကိုခဲ၊ ပန်းပန်လျက်ပဲ"** ဆိုတဲ့ အပိုဒ်အကြိုက်ဆုံးပဲ"

"ဟုတ်တယ်၊ ကျွန်တော်လည်း သဘောကျတယ်၊ ခင်ဗျား သူ့ကိုစွန့်သွားတော့ သူ့ဘဝမှာ ဇေဒါကို ဒီတစ်လုံးဖုံးလိုက်သလို ဖြစ်သွားတာပေါ့၊ ဒါပေမယ့် သူ့ဘဝကို သူဆက်ပြီး ကျောင်းရင်း နေတဲ့အထဲက ခင်ဗျားတို့ ခေါ်အက,ခိုင်းတာက ဘဲအုပ်တစ်ရာ နှစ်ရာနဲ့ ဝိုင်းနှိပ်စက်သလို ဖြစ်သွားတာပေါ့"

"အေးဗျာ. . အယက်အကန်ခံရတဲ့အခါမှာ စိတ်ဓါတ်ကျ မသွားဘဲ အံခဲပြီး သူ ဆက်က,နိုင်တာကိုပဲ ကျွန်တော်သူ့ကို ချီးကျူး မိတယ်၊ ဒီကဗျာလေးက သူ စိတ်မလျှော့အောင် အားပေးတယ် ထင်ပါရဲ့"

"ဒါပေမယ့် သူ မက,တော့ဘူးလေ"

"ဘာဖြစ်လို့"

ကိုစောထွန်းသည် မျက်လုံးပြူး၍ အံ့သြသလို မေးလိုက်၏။

"ခင်ဗျားက ဘယ်လိုလူလဲဗျ၊ ရူးနေသလား၊ ဟိုတုန်းက ခင်ဗျားပဲ လူပြက်ကြီးတွေနဲ့ မီးရောင်အောက်မှာ က,တာ မကြည့်ရက်နိုင်ဘူးလေး ဘာလေး ပြောခဲ့ဆို၊ သူ စာချုပ်မစေ့သေးလို့ ဆက် က,နေတာ၊ ခု အားလုံးကြွေးတွေလည်း ကျေသွားလို့ ခင်ဗျားကို ပေးထားတဲ့ကတိအတိုင်း မက,တော့ဘူးတဲ့။ ဘယ်လိုပဲ ခင်ဗျားက ပစ်သွားပေမယ့်ခင်ဗျားအပေါ်ထားခဲ့တဲ့ ကတိတစ်လုံး မဖျက်ချင် ဘူးတဲ့"

ကိုစောထွန်းသည် ပါးစပ်အဟောင်းသားနှင့် ရုတ်တရက် ဘာမှပြန်မပြောနိုင်ပေ။ မျက်လုံးပုတ်ခတ်ပုတ်ခတ်နှင့် ကိုကျော်စိန် ကို ကြောင်ကြည့်နေတော့၏။

"သူ က,ရမယ်၊ သူ ပြန်က,အောင် ကျွန်တော်ကြိုးစားပေး မယ်၊ သူ အငြိမ့်သမသာ ဖြစ်တယ် ကတိတည်တယ်နော်"

ကိုစောထွန်းသည် မောနေသလို ခပ်တိုးတိုးနှင့် ဖြည်းဖြည်းပြော၏။

"ဘာဖြစ်လို့ က,ရမလဲဆိုတော့ . . ကျွန်တော်ပြောခဲ့တာ တွေဟာလေ ဘာမှအဓိပ္ပါယ်မရှိဘူး"

သူသည် အရက်ခွက်ကိုကိုင်ကာ တစ်ကျိုက်သောက်လိုက် ပြန်သည်။

ကိုကျော်စိန်ကမူ သူ့စကားမဆုံးသေး၍ အဓိပ္ပါယ် နား မလည်ပေ။

“ကျုပ်က မဖေဒါ မီးရောင်အောက်မှာ လူပြက်ကြီးတွေနဲ့ မတွဲပါနဲ့၊ မောင်မကြည့်ရက်ပါဘူး ဆိုဆိုပြီး သဝန်ကြောင်လိုက်ရတာ၊ သဘောထားမကြီးနိုင်ရတာ အမော။ ဒါပေမယ့် ဒီလူပြက်ကြီးတွေက မီးရောင်အောက်မှာ လူမြင်သူမြင်မှာ မဖေဒါကိုပခုံးလေး တို့ရုံကလွဲလို့ ဘာမှမလုပ်ရဲပါဘူး။ ခု ကျွန်တော့်အဖြစ်ကလေ မီးရောင်မှိန်မှိန်အောက်မှာ ဘယ်ယောက်ျားနဲ့ဖြစ်ဖြစ်၊ ရင်ချင်းပေါင်ချင်း ပွတ်နေတာကို ထိုင်ကြည့်နေရတဲ့ဘဝဗျ”

ကိုကျော်စိန်သည် တကယ်ပင် နားမလည်ပေ။

“မရှင်းသေးဘူးလား၊ ကျုပ်မိန်းမ ခင်မမက ကျုပ်နဲ့ ရပြီး တော့ “ဒါလင်တဲ့ သူ ကျောင်းမှာကတည်းက အကဝါသနာပါတယ် တဲ့၊ ဒီတော့ သူ က,မယ်တဲ့။ စနေနေ့တိုင်း သူ့မိတ်ဆွေတွေဖိတ်တဲ့ ပါတီသွားတယ်။ ကျုပ်လည်း လိုက်ရတယ်။ ကျုပ်က အရက်စုံကို ကျူရိုးနဲ့စုတ်ရင်း သူတို့ က,တာ ကြည့်ရတယ်။ ကျုပ်ကလည်း မက, တတ်၊ က,လည်းမက,ချင်၊ ပထမတော့ မီးရောင်တွေ လင်းနေတာ ပဲ။ ဟဲ.. ဟဲ ကြာလည်းလာရော မီးရောင်တွေလည်းမှိန်၊ ကျုပ်လည်း ခေါင်းစိုက်ရော။ ကြာတော့ ကျုပ် ဝါသနာမပါတာကြီး ထိုင်ထိုင်မကြည့်ချင်တော့၊ မလိုက်တော့ဘူး။ ဒီနေ့လည်း သူ့ သူငယ်ချင်းမွေးနေ့ပွဲ သွားတယ်၊ ခုချိန်ဆို မီးရောင်လေးတွေ မှိန်နေကြပြီ”

ကိုကျော်စိန်လည်း ကိုစောထွန်းစကားကို သဘောပေါက်လေပြီ။

“ခုတော့ ကျုပ်က မက,ပါနဲ့ လို့လည်း မပြောရဲ၊ ဟဲ. . ဟဲ ဝဋ်လေဗျာ၊ ဝဋ်ဆိုတဲ့သဘောတရားဟာ ခံရတဲ့သူက ခွင့်လွှတ်ပါတယ်၊ ဘယ်လိုမှ သဘောမထားဘူးဆိုပေမယ့် ကိုယ်ပြုတာကိုယ်ခံ ရမှာပဲ။ မဖေဒါအပေါ် ကျုပ်က ဗိုလ်ကျခဲ့တာကိုးဗျ၊ ဘယ်လိုနေတာ မောင်မကြိုက်ဘူး၊ ဘယ်လိုနေရမယ်နဲ့ ဟဲ.. ဟဲ ခင်မမက မီးရောင်လင်းလင်းအောက်မှာတောင် မဟုတ်ဘူး၊ အမှောင်ထဲမှာ က,နေတာတော့ ကျုပ် လက်ပိုက်ကြည့်နေရတယ်”

ကိုကျော်စိန်သည် ဘာမှပြန်မပြောတော့။ သူ့လက်မှ နာရီငုံ့ကြည့်လိုက်၏။ နာရီမှာ ဆယ်နာရီခွဲကို ညွှန်ပြနေ၏။ ကျုံးဘက်ဆီမှ လေအေးများလိုက်လာသော်လည်း သူ့ခေါင်းတွင် မကြည်လင်ပေ။ သူငယ်ချင်းဘဝအတွက်လည်း သူ စိတ်မကောင်း။ ပထမသာ မဖေဒါအတွက် ဒေါသဖြစ်သမျှ စိတ်ရှိသလို ဆိုခဲ့မိသော်လည်း ယခု ကိုစောထွန်းခံနေရသည့်ဘဝကို တွေ့တော့လည်း စိတ်ထိခိုက် သွား၏။

“သမီးလေးရတော့မှ ကျုပ်သမီးနဲ့ အားတဲ့အချိန်တွေကို ဖြုန်းနေရတာပဲ။

ခုနလိုပေါ့၊ သမီးလေးကို က,ပြရတာလေ”

“အင်းပေါ့ဗျာ၊ သမီးမျက်နှာထောက်ပြီး ခင်ဗျားအဆင်ပြေအောင် ကြည့်နေသွားပေါ့၊ မိဘနှစ်ပါးကွဲတယ်၊ သဘောမတိုက်ဆိုင်ဘူးဆိုရင် သားသမီးကို တယ်ထိခိုက်တယ်

“ခင်ဗျားတရားမချလည်း အဲဒီနွံကြီးထဲက ကျုပ်မရုန်းနိုင်ပါဘူး။ ဒါလင်. . . ဆို ကျုပ်က အရည်ပျော်သွားတာ ဟား..ဟား… ဟား…”

ကိုစောထွန်းသည် ကြောက်မက်ဖွယ်ကောင်းလာအောင် အသံကုန်ဟစ်၍ ရယ်လိုက်တော့သည်။

နောက်နေ့တစ်နေ့ ရုံးမှအပြန်တွင် ကိုစောထွန်းသည် အရက်မသောက်၊ သမီးလေးနားကိုလည်း မကပ်ပေ။ ညစာစားပြီး လှျှင်ပင် ခေါင်းရင်းဘက်ရှိ စာဖတ်ခန်းရှိရာသို့ ဝင်သွား၏။ ကိုကျော်စိန်အပြန်တွင် မဗေဒါထံသို့ စာရေး၍ ပေးလိုက်ရန် ဖြစ်သည်။

သူစားပွဲတွင် ထိုင်နေစဉ်ပင် ခင်မမသည် အပြင်မှ လှမ်း၍အော်၏။

“ဒါလင် ဒီညအငြိမ့်သဘင်ဖျော်ဖြေခန်းမှာ မဗေဒါ အငြိမ့် တဲ့၊ လာနားထောင်လေ”

ခင်မမသည် မဗေဒါကို အငြိမ့်သမတစ်ယောက်အနေနှင့် အလွန်နှစ်သက်သူဖြစ်၏။ ကိုစောထွန်းသည် ခပ်လေးလေးပင် လျှောက်ကာ အခန်းဝတွင် ရပ်၏။

“သူ မက,တော့ဘူးဆိုပြီး ဘာလို့ အသံလွှင့်ပါလိမ့်” ခင်မမသည် ခပ်လေးလေးစကားပြောနေသော ကိုစောထွန်းရှိရာသို့ မျက်မှောင်လေးကြုတ်ကာ ကြည့်နေ၏။ မျက်မှောင် ကြုတ်နေပုံကိုက ခင်မမသည် အလွန်ချစ်စရာကောင်း၏။

“ဒါလင့်ကို မဗေဒါ မက,တော့ဘူးလို့ ဘယ်သူပြောလဲ”

“ဒါလင်လည်း သတင်းကြားတာပါ”

ကိုစောထွန်းသည် ခင်မမထိုင်သော နှစ်ယောက်ထိုင် ဆိုဖာရှိရာသို့ လာ၍ထိုင်၏။ ခင်မမသည် အစိမ်းရောင်ပိုးဂျော်ဂျက် (ဘလောက်စ်)လက်တိုကို ဝတ်ထား၏။ ဘရာစီယာမှလွဲ၍ အောက်မှာ ဘာမှခံမထားသောကြောင့် ဖြူဝင်းသော ခါးအထက်ပိုင်းမှာ ရင်သားမှလွဲ၍ အစိမ်းရောင်အောက်တွင် ထင်းထင်းလင်းလင်း ပေါ်နေပေသည်။ ပိုးတွန့်လုံချည်ရေညှိစိမ်းရောင်ကလည်း မို့၍တစ်တစ်ရစ်ဖြစ်နေသော တင်ပါးနှင့် အလွန်လိုက်လေသည်။

"မမထင်တာကတော့ မက,တော့ပေမယ့် ရေဒီယိုက အသံလွှင့်ချင်လွှင့်မှာပေါ့၊ ဟော ပထမပိုင်းတောင် လာနေပြီ"

ခင်မမသည် ရေဒီယိုအသံကို အနည်းငယ်မြှင့်လိုက်၏။

"မမ နားထောင်နေလေ၊ ပထမပိုင်းဆိုရင် မဗေဒါ ဘယ်လာမလဲ၊ ဒုတိယပိုင်းကျမှ မဗေဒါပါမှာ၊ ဒီတော့မှ ဒါလင့်ကို ခေါ် လိုက်ပေတော့"

သူသည် စာဖတ်ခန်းထဲ ပြန်ဝင်လာ၏။ စာရေးစားပွဲတွင် မဗေဒါထံသို့ စာစရေးတော့သည်။ တကယ့်တကယ် ရေးမည်ဆိုသော်လည်း ဘယ်ကစရေးရမှန်း မသိပေ။

မဗေဒါ

မောင် စာရေးလိုက်ပါတယ်။ ကိုကျော်စိန်ထံက မဗေဒါရဲ့ သတင်းစုံကိုမောင်ကြားပြီးပြီ။ မဗေဒါ မက, တော့ဘူးဆိုလို့ မောင် စိတ်မကောင်းဘူး။ မောင်ဟာ မဗေဒါကိုပစ်ပယ်ပြီး ခင်မမကို လက်ထပ်သွားတာတောင်မှ မဗေဒါဟာ မောင့်ကိုပေးထားတဲ့ကတိကို လေးစားနေသေးတယ် ဆိုတော့ မောင်သိပ်ကြေကွဲမိတယ်ကွယ်၊ စင်စစ် မတော့ မောင့်ကိုဘယ်သူကမှ ခြောက်လှံ့ပြူးပြပြီး ဒီမိန်းမနဲ့ ပေးစားတာမဟုတ်ဘူး။ မောင်နှစ်သက်လို့ မောင်ယူခဲ့တယ်ဆိုတာ မောင် ဖွင့်ပြီးဝန်ခံပါရစေ. . "

စာပိုဒ်များကို စဉ်းစားလိုက် ရေးလိုက်နှင့် စာလေးငါးကြောင်းမှာ အချိန်အများကြီးကြာသွားလေသည်။ ဆက်ရေး၍လည်း မရဖြစ်နေစဉ်ပင် ခင်မမသည် အပြင်မှ လှမ်းခေါ်ပြန်၏။ "ဒါလင်. . . မဗေဒါ လာနေပြီ" သူသည် ရေးလက်စ စာကိုရပ်၍ ခင်မမအပါးတွင် လာ၍ ထိုင်ရပြန်၏။

ရေဒီယိုထဲမှာ လူ့ရွှင်တော်ကြီးများ အချီအချပြောသံများကို သူ စိတ်မဝင်စားပေ။ ခင်မမသည် ရေခဲရောထားသော အရက် ဖန်ခွက်ကို ကျူရိုးနှင့် ဖြည်းဖြည်းစုပ်ကာမှိန်းရင်း ရေဒီယိုကို နားထောင် နေလေသည်။ သူကတော့ သောက်ချင်စိတ်မရှိသေးပေ။ "မဗေဒါ ခုဆိုမယ့်သီချင်းက သူကိုယ်တိုင်စာသားကို ရေး ပြီး ဂီတမှူးကိုဒေဝက အသံသွင်းထားတဲ့ "ချစ်၍ရှာသောမိုး"ဆိုတဲ့ သီချင်းပေါ့ဗျာ"

ဦးရွှေဗျော့အသံသည် ရေဒီယိုထဲမှ ထွက်လာ၏။

"ဒါလင် သီချင်းနာမည်ကလည်း အဆန်းနော်၊ "ချစ်၍ ရှာ သောမိုး" တဲ့"

"အင်း. . . သူကိုယ်တိုင် စာသားရေးတယ်ဆိုပါလား" မကြာခင်

မဗေဒါအသံကို ကြားရတော့သည်။

“အခါတစ်ပါးတွင် အငြိမ့်သမနှင့်မင်းသားတစ်ပါးချစ် ကြိုက်ခဲ့ကြ၏။ မင်းသားသည် နန်းသိမ်းပွဲတွင် မင်းသွေးပါသော မင်းသမီးတစ်ပါးကိုသာ လက်ဆတ်ခဲ့လေသည်။ အငြိမ့်သမသည် ချစ်သောသူနှင့် ကွေကွင်းရသောဆင်းရဲကြောင့် ငိုကြွေးမိ၏။ သို့သော် ရင်တွင်းမှ သောကအပူရှိန်ကြောင့် ကချေသည်၏ မျက်ရည်တို့သည် ရေခိုးရေငွေ့ဖြစ်ကာ ကောင်းကင်သို့ပြန့်လွင့်သွား၍ မိုးသား တိမ်တိုက်တို့နှင့်အတူ ရွေ့ရှားနေကြလေသည်။ တစ်နေ့သော် မင်းသားနန်းရင်ပြင်သို့ အထွက်တွင် မျက်ရည်မှဖြစ်သော မိုးတိမ်တို့ သည် မင်းသားခေါင်းပေါ်သို့အရောက် မင်းသားကိုချစ်သည့် မေတ္တာ အရှိန်အအေးဓာတ် ထိတွေ့မှုကြောင့် ရေငွေ့များ သိပ်သည်းစုပေါင်း၍ မင်းသား၏တစ်ကိုယ်တည်းအပေါ်သို့ အေးမြသော မိုးစက်များအဖြစ် သွန်းလောင်းရွာကျလာသည်။ သို့သော် မင်းသား ကား ထိုမိုးရေတို့သည် ချစ်သူ၏မျက်ရည်မှဖြစ်သော မိုးဟူ၍ မသိပေ။

သီချင်းအဓိပ္ပါယ်မှာ ကောင်းလွန်းလှသည်။ ကိုစောထွန်းသည် မှင်သက်မိနေသလို ငိုင်နေသည်။ မဗေဒါအသံသည် အေးမြ ကြည်လင်လွန်း၏။ မဗေဒါသည် ထိုသီချင်းတစ်ပုဒ်ပင် ဝင်ဆို၏။ ဘာမှ အငြိမ့်သဘောပါသော စကားများကိုမဆိုဘဲ စခန်းသိမ်းလိုက်၏။ ကျန်အချိန်ကို လူရွှင်တော်ကြီးများက သယ်၍သွားသည်။ ကိုစောထွန်းသည် မောပန်းစွာအသက်ရှူ၍ ထိုင်ရာမှ ဖြည်းညင်းစွာ ထသွား၏။ စာဖတ်ခန်းသို့အဝင်တွင် အခန်းတံခါး ဘောင်ကို မှီ၍ ခေတ္တနားနေရပေသေးသည်။ ပြီးမှ စားပွဲရှိရာသို့ ရောက်သွား၏။ စာကိုဆက်ရေးပြန်သည်။

“ခုပဲ စာရေးတာ ခဏရပ်ပြီး မောင် ရေဒီယို သွားနားထောင်တယ်၊ မဗေဒါဆိုတဲ့ ချစ်၍ရွာသောမိုး ဆိုတဲ့ သီချင်း လာတယ် မဗေဒါ။

သီချင်းနားထောင်ပြီး မောင့်စိတ်တွေဟာ နုန်းသွားတယ်၊ ခြေလက်တွေလည်း မသယ်ချင်တော့ဘူး။

မောင် စာအရှည်ကြီးတော့ ဆက်မရေးပါရစေနဲ့တော့။ မဗေဒါကို မောင် တောင်းပန်ပါရစေ။ မဗေဒါရဲ့ အကပညာကို မစွန့်လွှတ်ပါနဲ့၊ ဆက်ပြီးကပါ၊ မောင့်ကိုထားခဲ့တဲ့ ကတိဖြေလိုက်ပါတော့။ မီးရောင်အောက်မှာ လူပြက်ကြီးတွေနဲ့ တွဲကနေတဲ့ မဗေဒါကို တားမြစ်ခဲ့တဲ့ မောင့်မှာ ရေရာတဲ့ အဓိပ္ပါယ်လည်း မရှိတော့ပါဘူး။ အကြောင်းစုံကို ကိုကျော်စိန်ပဲ မေးကြည့်တော့. .

နောက်တစ်ကြောင်းကို ဆက်၍မရေးခင် ကိုစောထွန်း ခေါင်းပေါ်သို့ ရေစက်များ သွန်းကျလာကြသည်။ ကိုစောထွန်းသည် ရုတ်တရက်

အံ့အားသင့်သွား၏။ စာရွက်ကိုရေစိုမှာစိုးသောကြောင့် ကမန်းကတန်း စားပွဲထိပ်သို့ ရွှေ့လိုက်၏။ ရေမှာ ရိုးရိုးမဟုတ်ပေ။ အရက်များ ဖြစ်နေပေသည်။ သူသည် ရုတ်တရက် ထလိုက်၏။

"ဟဲ.. ဟဲ ချစ်၍ရွာသော မိုးတွေလေ"

ခင်မမသည် သူ့နောက်တွင် မတ်တပ်ရပ်ကာ အရက်ဖန်ချိုင့်ကြီးကိုကိုင်၍ ရယ်နေလေသည်။ မျက်နှာမှာလည်း ပန်းရောင် သွေးယှက်သန်းကာ အမူးရှိန် တက်လာဟန်ရှိ၏။

"ဒါလင် ပျော်စရာမကောင်းဘူးလား။ မမ ဒါလင့်ခေါင်း ပေါ်ရွာချတဲ့အရက်ကလည်း တကယ့်မိုးရေပဲ ဒါလင်ရဲ့။ ပေါင်းပြီး ထားတဲ့အရည်ဟာ မိုးရေနဲ့ ဘာထူးလဲ ဟဲ.. ဟဲ.. ဟဲ"

ခင်မမသည် ခပ်သောသောရယ်ကာ နောက်ဆုတ်နောက်ဆုတ်နှင့် လျှောက်၍ အခန်းထောင့် ဆိုဖာတစ်ခုပေါ်တွင် ကိုယ်ကို ပစ်၍ထိုင်လိုက်၏။ ခင်မမရင်သားများသည် သစ်ရွက်စိမ်းများ အောက်က ရှောက်သီးမှည့်များကဲ့သို့ ဖြည်းညင်းစွာ လှုပ်ရှားသွားကြ လေသည်။ ကိုစောထွန်းကတော့ ကြောင်စီစီကြီးပင် ကြည့်နေမိ၏။

"ဒါလင်ရေးတဲ့စာတွေလေ၊ နောက်ကရပ်ပြီး မမ ဖတ်ပြီးပြီ။ လက်စသတ်တော့ ဒါလင်က မဗေဒါ့ အဆက်ကိုး။ ဒါလင့်အပေါ် အငြိမ့်သမက မိုးတွေရွာချ၊ မမက အရက်တွေရွာချ၊ ဟဲ ဟဲ ဒါလင် ကတော့ ကြွက်စုတ်ကလေးဖြစ်ရော"

ခင်မမသည် မခိုးမခန့်ရယ်ကာ မျက်လုံးကလေးရီရီနှင့် သူ့ကိုကြည့်ကာ ပြောရင်း လက်ထဲမှာ ဖန်ချိုင့်ကို လွှတ်ချလိုက်သည်။ ဖန်ချိုင့်သည် ကြမ်းပြင်ပေါ်တွင် တစ်လိမ့်နှစ်လိမ့် လိမ့်ကာ ကိုင်းပွဲ၍ ထွက်သွားတော့သည်။

"အငြိမ့်သမ"

ခင်မမသည် အငြိမ့်သမဟု ခေါ်လိုက်သံကို ကိုစောထွန်းသည် နားကလောသွား၏။ သူ့ပါးစပ်မှ အငြိမ့်သမဟူ၍ လိုက်ဆို လိုက်၏။

"ဟုတ်တယ်လေ၊ အငြိမ့်သမဟာ အငြိမ့်သမပေါ့ ဒါလင်၊ သူ့ကို အနုပညာသည်လေး ဘာလေး အမွှန်းတင်မနေစမ်းပါနဲ့"

ခင်မမသည်မထီလေးစားသောလေသံဖြင့် ရယ်သွမ်းသွေး ကာပင် ပြော၏။

"မမ သူ့ကိုသဘောကျနေတယ်ဆိုတာက သူက,ပုံ၊ သီချင်းဆိုပုံက

မမစိတ်ကို ပျော်စေတာကိုး၊ ဒီတော့ ပျော်တော်ဆက်အနေနဲ့ သူ့ကို သဘောထားတာ၊ လင်လုဖက်ဆိုတော့ မမသူ့ကို သဘော ကျနိုင်မလား”

ခင်မမ၏ လင်လုဖက်ဆိုသော စကားလုံးကြောင့် ကိုစောထွန်းသည် မျက်နှာတစ်ခုလုံးရဲလာ၏။ နှုတ်ခမ်းများ လှုပ်လာသည်။ သူသည် ကုလားထိုင်ကို ခင်မမဘက်ကို ဆွဲလှည့်ပြီးမှ မျက်နှာချင်း ဆိုင် ထိုင်လိုက်၏။

“မမ. . . ဒါလင် အခု အရက်မသောက်ထားဘူး။ ဒါလင် အခုပြောမယ့်စကားဟာ အရက်သမားစကား မဟုတ်ဘူး။ မမ သေသေချာချာ နားထောင်စေချင်တယ်”

“မမလဲ သောက်ထားပေမယ့် မမူးပါဘူးဒါလင်ရာ”

“မမူးရင်လဲ ပြောပြမယ်။ မဗေဒါဟာ မမရဲ့ လင်လုဖက် မဟုတ်ဘူး။ ဒါလင် မမနဲ့ မတွေ့ခင်တွေ့တဲ့ ပထမဆုံးချစ်သူပဲ”

“ဟဲ ဟဲ အချစ်ဦးလေးပေါ့လေ”

“မမရယ် မခိုးမခန့်သံနဲ့ မပြောစမ်းပါနဲ့”

“ဘာလဲ ဒါလင့်ကောင်မကို ထိလို့နာသလား”

“ဒါလင့်ကို နာသလားလို့ မမေးခင် မမကိုယ်ကို မမ ပြန်မေးစမ်း။ မဗေဒါဆီကို ဒါလင်စာရေးတာ မြင်တော့ မမရင်ထဲနာ လာတယ် မဟုတ်လား”

“နာတယ်လေ။ အငြိမ့်သမလို လူမျိုးကို ဒါလင်က လူလူ သူသူ လေးလေးစားစား”

“တော်တော် မမ၊ အငြိမ့်သမဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် လေးစားသင့်ရင် ဒါလင် လေးစားရမှာပဲ။ ဒါလင်ပြောချင်တာ ဒီစကား တွေ မဟုတ်ဘူး”

“ဘယ်စကားတွေလဲ၊ အပေါစားကချေသည်တွေကို လေး စားသင့်တဲ့အကြောင်းလား”

“အဲ ခုမှဒါလင်ပြောမယ့် စကားအကွက်ကို ဝင်လာတော့ တယ်၊ မဗေဒါက မမပြောသလို အပေါစား ကချေသည်ပဲ ထားပါ၊ အနုပညာသမားလို့ ဂုဏ်တင်မခေါ်ပါနဲ့တော့၊ မမကရော စနေနေ့ တိုင်း မက,ဘူးလား”

“ဟား ဟား”

ခင်မမက ထ၍ အဓိပ္ပါယ်မရှိဘဲ ရယ်လိုက်၏။ ပြီးမှ ရင်ကို ကော့၍

လက်မကိုပြန်နေအောင် ထောင်လိုက်သည်။

"က,တယ်လေ၊ ဘာဖြစ်သေးသလဲ၊ ဂုဏ်သရေရှိ လူကြီးလူ ကောင်းတွေနဲ့ က,တယ်၊ ဒါလင်က ဒါကို သဝန်ကြောင်ပြန်ပြီလား"

"ဂုဏ်သရေရှိ လူကြီးလူကောင်းတွေနဲ့ လုပ်ရင် ဘာလုပ်လုပ် တင့်တယ်တာပဲလား၊ ကမြင်းကြောထတာလဲ ဂုဏ်သရေရှိတာပဲလား"

ကိုစောထွန်းသည် တစ်ချက်အောင့်ပြီးမှ ဆက်ပြော၏။

"မဗေဒါ က,တာက တစ်ယောက်တည်း လူမြင်သူမြင် က,ပြတာ၊ မမတို့ ကတာက နှစ်ယောက်တွဲ မီးရောင်လင်းရာက၊ တဖြည်းဖြည်း မှိန်သွားတော့ ဘယ်ရောက်သွားပြီး ဘာလုပ်ကြလဲ၊ ပြီးတော့ အရက်လည်း သောက်ထားသေးတယ်။ မမတို့ တွဲနေတဲ့ အကောင်တွေက အရက်သောက်ထားပြီး အမှောင်ထဲမှာ မိန်းမ တစ်ယောက်ကို ရင်ခွင်ထဲ ပိုက်ထားပြီး ဘာမှမဖြစ်ဘူးဆိုတော့ ရဟန္တာတွေပဲ။ တစ်ခုပဲ ပြောပြမယ် မမ၊ မမဟာ ဒီစာလေးရေးတာ မြင်ရုံနဲ့ မမရင်ထဲမှာ ကိန်းနေတဲ့ သဝန်ကြောင်စိတ်တွေဟာ ပွင့် ထွက်လာတာပဲ၊ ခဏခဏဆိုသလို တခြားယောကျ်ားနဲ့ အရက် သောက်၊ တွဲက,နေတဲ့ မမကိုအမြဲမြင်နေရတဲ့ ဒါလင့်စိတ်ဟာ ဘယ် လိုဖြစ်နေမလဲ ဆိုတာ မမ တွေးကြည့်စမ်း၊ မမ ကိုယ်ချင်းစာကြည့် စမ်း"

ခင်မမသည် ချက်ချင်းဆိုသလိုပင် မျက်နှာပျက်သွား၏။

"ရုပ်ရှင်ထဲမှာဆို ဒီနေရာ ဒါလင်နဲ့ မမ ရန်အကြီးအကျယ် ဖြစ်ပြီး ကွဲသွား၊ ဒါလင်က အချစ်ဦး အငြိမ့်သမလေးနဲ့ ပြန်ပေါင်း၊ အင်မတန် ကြည့်ကောင်းတဲ့ ပရိသတ်ကြိုက် ရုပ်ရှင်ဖြစ် မှာပေါ့၊ ဒါလင်နဲ့မမအဖြစ်က ရုပ်ရှင်ဇာတ်လမ်း မဟုတ်ဘူး" ဟော…"

ကိုစောထွန်းသည် မျက်နှာထားတင်းတင်းနှင့် စကားသံ မာမာ ပြောလာ၏။

"မမကို ဒါလင် မကွာနိုင်ဘူး။ ဒါလင်ပျော့ညံ့ခဲ့တဲ့ အပိုင်းတွေ ရှိပါတယ်။ မမရဲ့အလှ၊ မမရဲ့ဂုဏ်၊ မမရဲ့ငွေတွေက မမကို မကွာနိုင်ဘူးလို့ ဆိုချင်ဆို၊ ဒါပေမယ့် အကြီးဆုံးအတွယ်အတာက သမီးလေးပဲ၊ သမီးလေးကို မိခင်ကောင်းရဲ့သမီးပဲဖြစ်စေချင်တယ်။ တို့များ ယောကျ်ားတွေဟာ တဏှာကျွန်ကြီးတွေပါ။ ဒါပေမယ့် တစ်ခါတစ်လေတော့ တကယ့်မေတ္တာစိတ်နဲ့ ချစ်လွန်းလို့ သည်းခံ တာကို မင်းတို့အဓိပ္ပာယ်ကောက် လွဲကြတယ်။ အေး. . တို့များ ယောကျ်ား တကယ်ပြတ်သားလာပြီဆိုတော့ မင်းတို့ခံရမှာ မမ၊ ဒါလင့်ကို တဏှာကျွန်လို သဘောထားပြီး အသာဘေးချိတ်၊ မမ ထင်သလိုနေမယ်ဆို နေ၊

ဒါဟာတော့ မြန်မာပြည်ပဲ။ အသွေး အသားကို သိပ်အမိကထားနေတဲ့ “အနောက်ရူပဘုံ” မဟုတ်ဘူး။ ဒါလင် ဒါပဲ ပြောချင်တယ်”

ကိုစောထွန်းသည် စကားစသတ်ကာ ခြေသံခပ်ပြင်းပြင်း နင်း၍ အခန်းပြင်သို့ ထွက်လာတော့သည်။

ဆိုဖာပေါ်တွင် မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ထိုင်ကျန်ရစ်သော ခင်မမ ခေါင်းထဲတွင် အရက်ရှိန်များ ပြေစပြုလာတော့သည်။

ခြေသံပြင်းပြင်းနင်းကာ အိမ်ပေါ်အိပ်ခန်းသို့တက်လာခဲ့သော ကိုစောထွန်းသည် ခုတင်ရှိရာသို့ မသွား။ ခေါင်းရင်းဘက်ရှိဝရန်တာသို့ ထွက်လာခဲ့၏။

ကောင်းကင်တွင် ဆန်းစလနှင့်ကြယ်များ ဝင်းပနေကြသည်။ လရောင်ဝိုင်းဝါးသာ လင်းနေသောကြောင့် ကျုံးရေသည် အရောင်မတောက်လှ။ ကျုံးရေပြင်တွင်လည်း ဗေဒါပင်နှင့် ကြာပင်တို့ ရောယှက် ဖုံးလွှမ်းနေ၍ ရေမျက်နှာပြင်သည် မပေါ်လွင်လှပေ။ ကိုစောထွန်းသည် မောလျစွာ အသက်ရှူရင်း ယောက်ျားတန်မဲ့ ရှိူက်၍ ရှိူက်၍ နေမိသည်။ မျက်ရည်ကား မထွက်။

ကြာသည် ရေကိုကြိုက်သလို ဗေဒါလည်း ရေကို ကြိုက်သည်။ ခင်မမသည် အကကြိုက်သလို မဗေဒါလည်း ကသည်ကို ကြိုက်သည်။ သို့သော် ဗေဒါနှင့်ကြာတို့ ကျုံးရေမြေတွင် ယှဉ်၍ပွင့် ကြသောအခါ ကြာကိုသာ မြတ်နိုးဖွယ် ကောင်းသောပန်းဟု သူချီး ယူခဲ့၏။

သူ၏ သတ္တိကြောင်သော ရွေးချယ်မှုကြောင့် သူ ယခုငိုချင်သည်။ စင်စစ် သူ မစွန်ရဲခဲ့ခြင်းသာ ဖြစ်သည်။ အကယ်၍သာ မဗေဒါကို သူယူခဲ့လျှင် သူ၌ အခြေရှိပြီးဖြစ်၍ မဗေဒါသည် အခြေ မဲ့ အနေမဲ့ ရွှေ့လျားနေဖို့ မလိုတော့။ အဘယ်ကြောင့်ဆိုသော် ကျုံးလို တည်ငြိမ်သော ရေအယဉ်တွင် မဗေဒါသည်လည်း ကြာလို ပင် တစ်နေရာတည်း၌ တည်တံ့စွာ ရှင်သန်ခဲ့သည် မဟုတ်ပါလော။

သို့သော် ကြာကတော့ ဘဒ္ဒကမ္ဘာစက ပါလာခဲ့ရသော ပန်းအမျိုးမို့ အသိုင်းအဝိုင်း ကောင်းခဲ့သည်။ ဗေဒါပန်းကို သူဆွတ် ခဲ့လျှင် အခြေမဲ့သောပန်းကို ဆွတ်သူဟု ပတ်ဝန်းကျင်က အထင် သေးကောင်းသေးမည်။

နောက်ဆုံးမှာတော့ အားလုံးသတ္တုချကြည့်လျှင် သူသတ္တိနည်းခဲ့ခြင်းသာ ဖြစ်၏။ ဖေဖေက သူခင်းထားသော ရာဇမတ်ကာသည့်လမ်းကို အတင်း လျှောက်ခိုင်းသည်မဟုတ်။ သူကသာ တောင် တက်လမ်းကို လျှောက်လျှင် ဖေဖေတို့၏ အကူအညီလည်း မရ။

အသိုင်းအဝိုင်းလည်း မရှိသောအဖြစ်ကို စိုးရိမ်၍ သူသည် တောင်တက်လမ်းကို သွေဖည်ခဲ့၏။

ပါးစပ်က စွန့်စားခန်းကို စိတ်ဝင်စားသည်ဆိုသော်လည်း ငွေရောင်သဲဖြူလွလွတို့ ခင်းထားသော ဤရာဇမှတ်ကာထားသော လမ်းတွင်အသိုင်းအဝိုင်း စုံစုံညီညီနှင့် သူလျှောက်ခဲ့ခြင်း ဖြစ်၏။ သို့သော် လမ်းကသာ ပြေပြစ် ညီညာသည်။ အတူလျှောက်သော အဖော်က စိတ်ထားမညီသောအခါ သူရွေးသောလမ်းကား တောင် တက်လမ်းထက်ပင် စိတ်မောရသည်တကား။

သူမောပန်းစွာ ရှိုက်နေစဉ်ပင် နူးညံ့သော လက်ဖျားများသည် သူ့လည်ကို တွေ့ထိလာကြ၏။ သူ့ကိုယ်သည် အလိုလိုပင် လက်ရှင်၏ ရင်ခွင်ဘက်သို့ ယိုင်ညွတ်၍ သွား၏။

“ဒါလင်”

ခင်မမ၏အသံသည် ညင်သာစွာ ပေါ်လာ၏။ ကြာနွယ်တို့ တင်းမာစွာ ရစ်ပတ်လာသောအခါ ကြာတောအလယ်တွင် လူသားသည် မလှုပ်မယှက်နိုင်တော့ပေ။

※※※

အောက်တိုဘာ ကျောင်းပြန်အဖွင့်တွင် ကိုကျော်စိန်သည် ကျောင်းသို့ ပြန်ရောက်ခဲ့၏။ မဖေဒါထံသို့ ကိုစောထွန်း ပေးလိုက်သောစာကို ယူလာခဲ့သည်။

ကျောင်းဖွင့်ရက် တစ်ညနေတွင် မဖေဒါကို သွားရောက် တွေ့ဆုံခဲ့၏။ ဆောင်းဦးသို့ ရောက်လာပြီဖြစ်၍ မဖေဒါခြံတွင် ကရမက် ပန်းရန့်များ မွှေးပျံ့နေပြန်သည်။ ညနေစောင်းဖြစ်၍ ပန်းနှင့် သစ်ရွက်များပေါ်တွင် မြူမှုန်တန်းများ ရစ်ဆိုင်းစပြုနေလေသည်။

မဖေဒါသည် ဆွယ်တာအနက် အင်္ကျီကိုဝတ်ကာ ကရမက် ပန်းချုံဘေးရှိ ခုံပေါ်တွင် ထိုင်၍နေ၏။ သူ့လုံချည်သည် အဖြူခံပေါ်တွင် အနက်လုံးလေးများ ကြဲကြဲပြောက်ထားသော လုံချည် ဖြစ်၍ မဖေဒါ၏ အဝတ်အရောင်သည် အနက်နှင့်အဖြူနှစ်မျိုး တည်းသာ ဖြစ်ပေသည်။

ကိုကျော်စိန်ကို မြင်လျှင် မဖေဒါသည် ချစ်စဖွယ် ပြုံးလိုက်၏။ ထိုအပြုံးမျိုးကို ကိုကျော်စိန်သည် ဇာတ်စင်ပေါ်ဝယ် ခဏခဏ တွေ့ရဖူးလေသည်။

“ကိုစောထွန်းဆီက စာပါလာတယ် မဖေဒါ”

မဖေဒါသည် သူ့ကိုနေရာပေး၏။ သူသည် မဖေဒါဘေးတွင် ဝင်ထိုင်ရသောအခါ စိတ်ထဲတွင် ချမ်းမြေ့သွားသလို ခံစားလိုက်ရသည်။ ကရမက်ပန်းများသည် မဖေဒါ အနီးတွင် ပွင့်နေကြသော်လည်း မဖေဒါသည် တစ်ပွင့်မှပန်၍ မထားပေ။ သူလှမ်းပေး သော စာကို မဖေဒါက ယူ၍ ဖတ်လိုက်၏။ မဖေဒါ မျက်နှာသွင် ပြင် ဘယ်လိုမှ အပြောင်းအလဲမရှိပေ။

“သူ ဘာဖြစ်နေလို့လဲ. . . ကိုကျော်စိန်ကို မေးကြည့်ဆိုတာ”

မဖေဒါက မေးလိုက်၏။ ကိုကျော်စိန်သည် သူ မြင်ခဲ့ရသော ကိုစောထွန်းဘဝကို ပြောပြလိုက်၏။ မဖေဒါ မျက်နှာသည် ညှိုးလျှ၍ သွားလေသည်။

“ဟိုတစ်ယောက် အမှောင်ထဲ က,နေတာကိုတောင် လက်ပိုက်ကြည့်နေတဲ့ အတူတူတော့ မဖေဒါအလင်းထဲ က,နေတာကို သူ ဘာမှပြောစရာမလိုတော့ဘူးဆိုတဲ့ သဘောပေါ့ မဖေဒါ”

ကိုကျော်စိန်က ကိုစောထွန်းဆိုလိုချက်ကို ထပ်မံရှင်းပြ လိုက်၏။ မဖေဒါသည် တစ်စုံတစ်ရာကို နက်နက်နဲနဲ တွေးနေပုံ ရလေသည်။

“အရက်ကတော့ သောက်လိုက်တာ ရေသောက်သလား အောက်မေ့ရတယ်”

ကိုကျော်စိန်က ထပ်မံပြောပြ၏။

"ဝင္ဍဆိုတဲ့ သဘောက ကြောက်စရာ ကောင်းသားလား၊ မဗေဒါက ခွင့်လွှတ်ပါတယ်၊ ဘယ်လိုမှ အာဃာတ သဘောမထားဘူးဆိုပေမယ့် ကိုယ်ပြုသမျှ ဒဏ်ကိုယ့်ဟာ ကိုယ်ခံရတာပဲ၊ ကျွန်တော်လည်း သူ့ကြည့်ရင်း တော်တော်စိတ်မကောင်းဘူး"

"ဆရာပြောတာလည်း ဟုတ်ပါတယ်၊ မဗေဒါ စဉ်းစားနေတာကတော့ မောင်ဟာ မဗေဒါကို မပေါင်းရတဲ့ဒုက္ခ၊ မဗေဒါကို စွဲလမ်း တမ်းတတဲ့ဒုက္ခကြောင့် အရက်သောက်တာလား၊ ဒါမှမဟုတ် ခင်မမကို ပြောဆိုမနိုင်လို့ စိတ်ဆင်းရဲပြီး အရက်သောက်တာလား ဆိုတာ တွေးမရဘူး"

ကိုကျော်စိန်သည် မဗေဒါ စကားကို ဘယ်သို့ ညွှန်းသည် ကို မသိသလို ကြောင်၍သွား၏။

"ဟုတ်တယ်မှတ်လား ဆရာ၊ တွေးစရာကြီးနော်"

သူ၏ 'နော်" ဆိုသော အသံလေးမှာ နော်လိုလို နော့လိုလို နှင့် ကြားရသူကြည်နူးစရာပင်တည်း။

ဆရာကိုကျော်စိန် ဘာကိုပြန်ပြောရမည်ကို မတွေးတော တတ်သေးပေ။

"မောင်ဟာ သူ့ကိုယ်သူပြန်မတွေးမိဘူးထင်ပါရဲ့။ မဗေဒါကို ချစ်တယ်ဆိုတာ မဗေဒါ က,ဟန် မဗေဒါ သီချင်းဆိုသံက သူ့ ကို စိတ်ကြည်နူးအောင် လုပ်လို့ ချစ်တာကိုး၊ သဘင်ပညာကို မြတ်နိုး တာမှ မဟုတ်ဘဲ၊ ဘယ်လိုဆိုမလဲ ခဏတာ ပျော်ဖို့လောက်ပေါ့၊ အစဉ်ချစ်မယ်ဆိုတဲ့ ရည်ရွယ်ချက်မရှိပါဘူး၊ ဒါကို မောင့်စိတ်က ရဲရဲမတွေးဘူး၊ တကယ်သာ မဗေဒါပညာကိုမြတ်နိုးရင် မဗေဒါကို လက်ထပ်ရဲရမှာပေါ့၊ သူ့ကို ဘယ်သူမှ ချုပ်ချယ်ထားတာ မဟုတ် ဘူး"

ကိုကျော်စိန်သည် ငြိမ်သက်စွာ တွေးလာ၏။ မဗေဒါ ဆိုလိုချက်ကို နားလည်လာသည်။ သဘင်ပညာကို လေးစားခဲ့ပါလျှင် မဗေဒါကို က,ရန် တားမည်လည်းမဟုတ်။ ပညာရှင်မဗေဒါကိုလည်း ခင်မမနှင့်တန်းတူထား၍ တွေးခေါ်မည်သာဖြစ်သည်။ အောက်တန်းစား အငြိမ့်သမဟူသော နှိမ့်ချသည့် အတွေးသည် သူ့ချစ်သူ၏ စိတ်တစ်ထောင့်တစ်နေရာတွင် ပုန်းခိုနေကြောင်းကို မဗေဒါက ဖော်ပြလိုက်ပေသည်။ သို့သော် ထိုသို့ကြိုတင်သိလျှင် မဗေဒါသည် ဘာကြောင့် ကိုစောထွန်းအချစ်ကို လက်ခံပါသနည်း။ ဆရာကိုကျော် စိန်သည် ဖျတ်ခနဲ မဗေဒါကို ကြည့်ပြန်၏။

"ဒီလိုတွေးမိရင်လည်း မဗေဒါအစက ကိုစောထွန်း အချစ်ကို

လက်ခံဖို့မကောင်းဘူး”

မဗေဒါက ဆရာ့စကားကို ပြုံး၍ ပြန်ဖြေ၏။

“မဗေဒါဟာ ပုထုဇဉ်ပါဆရာရယ်၊ စိတ်ထဲမှာချစ်ချင်သေး တာပေါ့၊ ဒါပေမယ့် မဗေဒါ ကိုယ့်ဘဝကို နားလည်ပါတယ်၊ မဗေဒါက ဘုရင့်သား မဟာသမ္မတနဲ့ညားတဲ့ ဘေဒါရီကိုလည်း အားကျဖို့ မရှိပါဘူး။ ဟိုဘေဒါက ဘကုံးနဲ့ ဘေထားတာပဲ။ ကျွန်မနာမည်က ဗထက်ခြိုက်နဲ့ ဗေထားတာပါ။ ဒါကြောင့် ချစ်ကြတယ် ဆိုပေမယ့် မဗေဒါ အဝေးမှာနေပြီး ခွာနေတာပေါ့။ ချစ်သာချစ်တယ် မောင့်ကို မယုံဘူးလေ… "

မဗေဒါသည် မန္တလေး စာရေးဆရာတို့နှင့် လက်ထပ်သင်မို့ စကားပြောရာတွင် အချက်ကျလှပေသည်။

“လူတွေဟာ သူတို့ စိတ်ကြည်နူးဖို့ မဗေဒါတို့ က,တာကို ကြည့်တာပါ၊ အပျော်ပါပဲ”

“ကျွန်တော်လည်း နောက်ပိုင်း မဗေဒါ က,တာကို မကြည့်ရက်လို့ မကြည့်ဘူး။ စိတ်ထဲမှာ လူတွေဟာ စပြီး မဗေဒါကို နှိပ်စက် နေကြသလိုပဲ”

“ဒီလို ဆရာထင်ရင် မှားမှာပေါ့၊ သူတို့က မဗေဒါရဲ့ သုခ၊ ဒုက္ခအတွင်းရေးတွေကို သိတာမှာမဟုတ်ဘဲ။ သိဖို့လည်းမလိုဘူးလေ၊ သူတို့စိတ်ကြည်နူးချင်လို့ လာကြည့်တာ၊ မဗေဒါတို့ကလည်း ကြည်နူးစရာဖြစ်အောင် က,ပြရမှာပေါ့”

“အေးလေ… ကျွန်တော့်အနေကတော့ အကြောင်းသိရက်နဲ့ မဗေဒါ က,ဆိုနေတာတွေ ကြည့်ရက်စရာ မရှိပါဘူး”

“ဆရာ ဒီလိုစေတနာထားတာ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဆရာရယ်၊ လူဆိုတာ ကိုယ့်ဘက်ကျတော့ တစ်ကွက်ချန် လျှော့တွေးတတ်တယ်။ ခု ဆရာ့သူငယ်ချင်း ကိုစောထွန်းလည်း မဗေဒါကို မရတဲ့ ဒုက္ခကြောင့် စိတ်သောကနဲ့ အရက်တွေသောက်နေတာ မဟုတ်ဘူး။ ခင်မမကို ထိန်းမရလို့ပါ”

“မဗေဒါအတွက် ကြေကွဲတာလည်း ပါတာပေါ့၊ ကျွန်တော်တောင် ကာယကံရှင်မဟုတ်ဘဲ မဗေဒါအတွက် အမြဲ စိတ်မချမ်းသာဘူး။ မဗေဒါကိုတော့ အနုပညာသည်တစ်ယောက်အဖြစ် လေးစား ပါတယ်။ အတန်းအစား ကျွန်တော် မခွဲချင်ပါဘူး”

မဗေဒါက ရယ်လိုက်၏။ ဆရာကိုကျော်စိန်သည် မဗေဒါ ရယ်သံကို

လန့်သွား၏။

"ကျွန်တော် ပြောတာကို မယုံဘူးလား မဖေဒါ" မဖေဒါသည် ရယ်ရင်းပြန်ဖြေ၏။

"မယုံဘူးဆရာရေ၊ လူတွေဟာ တစ်ကွက်ချန် တွေးတာ ချည်းပဲ။ ကဲ မဖေဒါ မေးခွန်းတစ်ခုမေးမယ်။ မဖေဒါရဲ့ ပညာရော အကျင့်ရောပါ ဆရာတကယ်လေးစားတယ်ဆိုရင်. . ဆရာ မဖေဒါ ကို လက်ထပ်မလား"

မော်တာနှင့် ရင်ဝကို ပစ်သွင်းလိုက်သလို ဆရာကျော်စိန့် ရင်ထဲတွင် ဒိန်းကနဲဖြစ်သွားကာ ရုတ်တရက် ကြောင်တက်တက် ဖြစ်သွားသည်။ မဖေဒါမေးခွန်းသည် အရိုန်ပြင်းလှပါကတား။ မဖေဒါကတော့ ဘာမှလှုပ်ရှားမှုမရှိဘဲ အဝေးရှိ ပန်းခင်းများကို မျှော်ကြည့်ရင်းမှ စကားကို ဖြည်းဖြည်းလေးလေး ပြောပြလိုက်၏။

"စိတ်မရှိပါနဲ့ဆရာ၊ ဒီကောင်မလေး ငါ့ကို လူပျိုစကား စပြောတယ်လို့ မထင်နဲ့။ ဆရာတို့ တွေ့နေတဲ့ တက္ကသိုလ်ကျောင်းတော်သူတွေ ပဝါလှလှလေးတွေခြုံနေတဲ့ တက္ကသိုလ်ဆရာမလေးတွေနဲ့ တစ်တန်းတည်း ထားပြီး ဆရာတို့ မလေးစားပါဘူး။ ဒီမေးခွန်းလည်း ခု မဖြေပါနဲ့၊ အိမ်ပြန်သွားပြီးမှ ဆရာ စာနဲ့ ရေးလိုက်ပါ။ ဒီအချိန်မှာ ဆရာ့စိတ်က အဖြေမှန်ကိုဖြေလိမ့်မယ်။ ကဲ.. မဖေဒါ ကို ခွင့်လွှတ်ပါ"

မဖေဒါသည် ထိုင်ရာမှ ထသွားတော့သည်။ ဆရာကျော်စိန်ကား လှုပ်ရှား၍ပင်မရလောက်အောင် ငုတ်တုတ်ကြီးထိုင်နေမိ၏။ သူ့ကိုယ်သူ တစ်ခါမှ မမေးဖူးသော မေးခွန်းကို သူ ယခုမှ မေးကြည့်မိသည်။

"ငါ ကိုယ်တိုင်ကရော မဖေဒါကို တကယ်လက်ထပ်ရဲသလား၊ မေမေ ပေးစားမယ်ဆိုတဲ့ မိန်းကလေးနဲ့ တန်းတူထားပြီး မဖေဒါကို စဉ်းစားမလား"

သူသည် ယခုမှ ထိုမေးခွန်း မေးကြည့်မိ၏။ နေရောင်လည်း ကွယ်ပျောက်သွားကာ ဆရာတစ်ယောက်သာ အမှောင်ထဲ ရိပ်တွင် ကျန်ရစ်တော့သည်။

နောက်တစ်ပတ် သတင်းစာကြီးများနှင့် သဘင်ရုပ်စုံ ဂျာနယ်များတွင် မဖေဒါ၏ ပန်းများဝေအောင် ပန်ထားသော ဆံထုံးလေးနှင့် ကြွရွှသော က,ဟန်မှာ မျက်နှာဖုံးတွင် ပါလာခဲ့ပြန် လေသည်။

"မဖေဒါသည် သဘင်လောကကို ပြန်လည်ဝင်ရောက်တော့မည် ဖြစ်ကြောင်း" စာလုံးထင်ထင်များနှင့် သတင်းထူးအဖြစ်

အရေးတယူဖော်ပြကြသည်။ မဗေဒါ၏ ပရိသတ်များက ဝမ်းပန်းတသာ သူ့သတင်းကို ဖတ်ကြသည်။

အထူးသဖြင့် ဝမ်းသာဆုံးသူမှာ ငွေရှင်ကြီး ဦးသာလှ ဖြစ်၏။

ဆရာကိုကျော်စိန်ထံကမူ ဖြူသည် မည်းသည် အကျိုးအကြောင်း မည်သည့်စာမှ ပြန်၍ မလာတော့ပေ။

ထိုအချိန်တွင် မန္တလေးနန်းတော်မြို့ရိုး၏ အရှေ့ဘက် ကျုံးရေပြင်တွင်မူ ဗေဒါနှင့်ကြာတို့ ယှဉ်ပြိုင်၍ ပွင့်နေကြလေသည်။

ခင်နှင်းယု

WHISPER of WORDS
Subscribe Telegram Channel

https://t.me/TheBookR